ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့ (9-4-2012) (၇၀၉၀)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

တပ်မတော်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းဆောင်ရွက်သော ကိုကိုးကျွန်းမြို့ ရေစစ်ကန်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းဆောင်ရွက်သော ကိုကိုးကျွန်းမြို့ ဂါလန် ၄၀၀၀၀ ဆံ့ ရေစစ်ကန်ဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးနှင့် နယ်မြေခံရေတပ် တပ်မှူးတို့က ရေစစ်ကန်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေစစ်ကန် ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ရေစစ်ကန်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ရေစစ်ကန်တည်ဆောက်ရသည့် ရည်ရွယ်ချက်မှာ ရေနောက်ကျိမှုနှုန်း(၄၃) NTU ဖြစ်၍ (၁၀) NTU အထိလျှော့ချရန်၊ အရောင် (၆၀) TCU ဖြစ်၍ (၂၀) TCU အထိလျှော့ချရန်၊ အနံ့အရသာ အနေဖြင့် အနည်အနှစ်များ၊ ရေတွင်ပါဝင်သော ရေညှိ၊ ဗက်တီးရီးယားများကြောင့် ပျက်ယွင်းနေခြင်းအား သန့်စင်ပေးရန်၊ သံဓာတ်ပါဝင်မှုနှုန်းများပြားနေခြင်းအား လျှော့ချရန်တို့ဖြစ်ပြီး ရေစစ်ကန်သည် အတိုင်းအတာအားဖြင့် အလျား ၂၅ ပေ၊ အနံပေ ၃၀၊ အမြင့် ၂၂ ပေဖြစ်ကာ သိုလှောင်နိုင်သော ရေပမာဏမှာ ဂါလန် ၄၀၀၀၀ ဖြစ်သည်။ ထို့အပြင် ရေစစ်နှုန်းမှာ ၁ နာရီ ၁၅၀၀ ဂါလန်နှုန်းဖြစ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ မြို့တွင်းကတ္တရာလမ်း (၆)လမ်း ပေ ၇၅၀၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ ဂါလန် ၄၀၀၀၀ ဆံ့ ရေစစ်ကန် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပညာရှင်များ ဖြူးချောင်းဘက်စုံရေလှောင်တမံစီမံကိန်း ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၈

ပဲခူးတိုင်းဒေသကြီး ဖြူးချောင်းဘက်စုံ ရေလှောင်တမံစီမံကိန်းကို ၂၀၀၁-၂၀၀၂ ခုနှစ်တွင် စတင်အုတ်မြစ်ချတည်ဆောက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပင်မတမံလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်သည်။ ရေအားလျှပ်စစ် ၂၀ မဂ္ဂါဝပ် နှစ်လုံးမှာ ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်သည်။

ဆည်ရေသောက်စနစ်ပြီးစီးပါက အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်အတွင်းရှိ လယ်မြေဧက ၁၀၀၀၀၀ ကျော်အား စိုက်ပျိုးရေပေးဝေနိုင်ပြီး သီးနှံစိုက်ဧက ၁၀၀၀၀၀ အား အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများ ဆောလျင်စွာပြီးစီးပါက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် တည်ဆောက်ရေးအင်ဂျင်နီယာပညာရှင်များနှင့် စက်ယန္တရား ၁၃၄ စီးတို့ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးတို့သည် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်စန်ဝင်းနှင့် ပညာရှင် ခုနစ်ဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပါမောက္ခနှင့် ပညာရှင် ခြောက်ဦး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ပညာရှင် ငါးဦးတို့နှင့်အတူ ဖြူးချောင်းဘက်စုံရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ကွင်းဆင်းစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပညာရှင်များအနေဖြင့် ကျွမ်းကျင်ပညာရပ်ဆိုင်ရာ အတွေ့အကြုံများဖြင့် အကြံဉာဏ်ကောင်းများကိုပေးရန်၊ လေလွင့်ဆုံးရှုံးမှုများ မရှိစေရေးအတွက် အသေးစိတ် အကြံဉာဏ်ပြုကြပါရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ကျွမ်းကျင်ပညာရှင်များပါဝင်သောအဖွဲ့ ကွင်းဆင်းစစ်ဆေးရခြင်း ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးတို့က စီမံကိန်းဆိုင်ရာလုပ်ငန်းများ အခြေအနေနှင့် လုပ်ငန်းတစ်ခုချင်းအလိုက် အဆင့်ဆင့် တည်ဆောက်အကောင်အထည်ဖော်နိုင်မှုများကို ရှင်းလင်းတင်ပြကြပြီး ပညာရှင်များက ပါဝင်ဆွေးနွေးအကြံပြုကြသည်။

ထို့နောက် ရှုရပ်နေရာမှ စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုကြပြီး ပင်မတမံ၊ ရေပိုလွှဲနှင့် ရေလွှဲဆည် တည်ဆောက်မှုများ၊ ပင်မရေအားလျှပ်စစ်လုပ်ငန်းခွင်၊ ရေဖိအားမြှင့် သံမဏိပိုက်လိုင်းများ တပ်ဆင်သည့် လုပ်ငန်းခွင်များ၊ ပြည်ပမှ မှာယူထားသော လျှပ်စစ်ပစ္စည်းများရောက်ရှိနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့သတင်းအညွှန်း

ခုတင်(၂၀၀)ဆံ့ ဟရာဏာသီ ခြောက်ထပ် သံဃာ့ ဆေးကုသဆောင် ဖွင့်လှစ်



ပြည်တွင်းသတင်း စာမျက်နှာ - ၉

မန္တလေးမြို့၌ စက်ဘီးဆိုင်ကယ်သွား ကွန်ကရစ်လမ်း ဖောက်လုပ်ပြီးစီး၊ ဧပြီ ၆ ရက်မှ စတင်က အသုံးပြုသွားလာနိုင်

ပြည်တွင်းသတင်း စာမျက်နှာ - ၃

မဟာဓာတ်အားလိုင်းမှ ဓာတ်အားမျှတစွာ ခွဲဝေရရှိမှုကြောင့် ပဲခူးမြို့ပေါ်ရှိ လျှပ်စစ်သုံးစွဲသူ ပြည်သူများ ကျေနပ်လျက်ရှိ

ပြည်တွင်းသတင်း စာမျက်နှာ - ၃

မြောက်ကိုရီးယားဒုံးပျံ အစီအစဉ်ကြောင့် ဒုံးကျည်ကာကွယ်ရေးစနစ်များ ဂျပန်ဖြန့်ကြက်

နိုင်ငံတကာသတင်း စာမျက်နှာ - ၅

ရက္ခပူရကို ဂိုးပြတ်သွင်းပြီး ကမ္ဘောဇ F.C ရာသီဝက် ချန်ပီယံဖြစ်

အားကစားသတင်း စာမျက်နှာ - ၁၀



ကြေးမုံ စာတည်း ရှုထောင့်

၉-၄-၂၀၁၂ [တနင်္လာနေ့]။

ပို့ကုန်ဦးစားပေး စီးပွားရေးမဟာဗျူဟာ

ကျွန်ုပ်တို့၏အရှေ့ဘက်ရှိ အိမ်နီးချင်းနိုင်ငံကြီးတစ်နိုင်ငံသည် ၎င်းတို့၏ စက်မှုထွက်ကုန်အားလုံးနီးပါးကို ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့်အတွက် စီးပွားရေးအင်အားကြီးမားသော နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည်ဟု ဆိုထားပါသည်။ ၂၀၀၇ခုနှစ်က ပြည်ပသွင်းကုန်ထက် ပြည်ပပို့ကုန်ကို ပိုမိုတင်ပို့နိုင်ခဲ့သည့်အတွက် ကုန်သွယ်ရေးပိုငွေဒေါ်လာ ၃၁၅ ၇၀၀ ၀၀၀ ၀၀၀ ရရှိခဲ့သည်။ တစ်ဖက်တွင် အနောက်အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံသည် ပို့ကုန်ထက် သွင်းကုန်ကို အများအပြား ပိုမိုတင်သွင်းခဲ့သည့်အတွက် ကုန်သွယ်ရေးလိုငွေ ဒေါ်လာ ၈၁၆ ၀၀၀ ၀၀၀ ၀၀၀ အထိပြခဲ့သည်။

နိုင်ငံတစ်နိုင်ငံသည် ၎င်း၏သယံဇာတများကို ပြည်တွင်း၌ လုံလောက်အောင် ထုတ်လုပ်ပြီး ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်သောအခါ ကြီးပွားတိုးတက်လာသည်ဟု ကမ္ဘာ့စီးပွားရေးပညာရှင် စမစ်ကဆိုသည်။ ထိုအဆိုအတိုင်း အိမ်နီးချင်းနိုင်ငံကြီးက စွမ်းဆောင်နိုင်သဖြင့် ယနေ့စီးပွားရေးအင်အားကြီးနိုင်ငံကြီးဖြစ်နေလေသည်။ ပို့ကုန်များခြင်းသည် တိုင်းပြည်ကြီးပွားချမ်းသာစေသည့်အဆိုကို ကျွန်ုပ်တို့အားလုံး နားလည်သိရှိထားပြီးဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံသည် လွတ်လပ်ရေးမရမီကာလက ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့သည့်နိုင်ငံ ဖြစ်ခဲ့သည်။ ထိုကာလက တစ်နှစ်လျှင် ဆန်တန်ချိန်သုံးသန်းခန့် တင်ပို့နိုင်ခဲ့သည်။ ထို့နောက် ဖြတ်သန်းလာခဲ့သော ခေတ်စနစ်အမျိုးမျိုးတွင် အကြောင်းအမျိုးမျိုးသော လယ်ယာလုပ်ငန်းခွင် စီမံခန့်ခွဲရေး၊ စိုက်ပျိုးထုတ်လုပ်ရေးအားနည်းမှုများကြောင့် ပို့ကုန်တန်ဖိုးများကျဆင်းခဲ့ရသည်။ အမှန်တွင် ကျွန်ုပ်တို့နိုင်ငံ၌ မြေသယံဇာတ၊ ရေသယံဇာတ၊ လူ့အရင်းအမြစ်များရှိပြီးဖြစ်သည်။

ချမ်းသာသောနိုင်ငံကြီးသည် ပို့ကုန်တန်ဖိုးမြင့်မား၍ ငွေလုံးငွေရင်းအင်အားကြီးမားလာသောအခါ ထိုငွေအများစုကို ဦးစွာလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ထို့နောက်စက်မှုကုန်ထုတ်လုပ်ငန်းကို ဦးတည်ကြသည်။ နောက်ဆုံးတွင် နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးကို ပုံအောကာ ချမ်းသာကြွယ်ဝလာကြသည့်စီးပွားရေးသီအိုရီမှာ စမစ်၏အဆိုအတိုင်း ဖြစ်သည်။

မျက်မှောက်ကာလ၌ ကျွန်ုပ်တို့နိုင်ငံ၏အခြေအနေမှာ သိသာထင်ရှားစွာပြောင်းလဲလာခဲ့သည်။ ယခင်စံချိန်များပြန်လည်ရရှိဖို့ ပညာရှင်များက နည်းလမ်းမျိုးစုံဖြင့် ကုစားကြသည်။ ယခင်က နိုင်ငံ့ဓနအင်အား ကျဆင်းစေသည့် စီးပွားရေးပိတ်ဆို့မှုများ၊ နိုင်ငံတကာနှင့်ဝင်ဆံ့မှုများမှာ ယခုအခါ မျှော်လင့်ချက်ရောင်ခြည်များ သန်းလာသည်။ ရရှိလာမည့်အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်၍ မိမိတို့နိုင်ငံပြန်လည်ကြီးပွားတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့နေရသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုစရိတ်နည်းပါးသည့် အခွင့်အလမ်းနှင့်အညီ ဆန်နှင့်စိုက်ပျိုးထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရာတွင် မရှိမဖြစ်လိုအပ်သည့် ငွေလဲနှုန်းစနစ်ကို လက်တွေ့နှင့်ကိုက်ညီအောင် တစ်မျိုးတည်းစနစ်ကျင့်သုံးလျက်ရှိသည်။ ပို့ကုန်တင်ပို့ရေးစနစ်တွင် အရေးကြီးသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်လျက်ရှိပြီး လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးပမ်းဖော်ဆောင်ပေးနေရာ အနာဂတ်နိုင်ငံ့ဓနအင်အားအတွက် အားတက်ဖွယ်ရာများပင်ဖြစ်သည်။

နိုင်ငံ့ဓနအင်အားတောင့်တင်းခိုင်မာသော အရှေ့တောင်အာရှနိုင်ငံများကို အမီလိုက်ရာတွင် မိမိနိုင်ငံ၏အခြေအနေနှင့်ကိုက်ညီသော ပို့ကုန်ဦးစားပေး စီးပွားရေးမဟာဗျူဟာများကို အခြေခံ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် တစ်နေ့သောအခါ အာရှ၏စီးပွားရေးကျားဖြစ်လာမည်ဟု ယုံကြည်ပါသည်။ ။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ ပွင့်ဆန်း ဧပြီ ၇ ရက်က ရန်ကုန်မြို့ ဦးဝိစာရ လမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် ထိုင်းနိုင်ငံ နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနက ကြီးမှူး၍ Inforithm Mazeက စီစဉ်ကျင်းပသည့်Thailand Trade Exhibition 2012 ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စွမ်းအားမြင့်မီးဖိုများ ဖြန့်ဝေ

နေပြည်တော် ဧပြီ ၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ကလောမြို့နယ် သစ်တောဦးစီးဌာနက စွမ်းအားမြင့်မီးဖိုဖြန့်ဝေခြင်းနှင့် အသိပညာပေးဟောပြောပွဲကို မတ် ၃၁ ရက် နံနက် ၁၀ နာရီတွင် ကလောမြို့နယ် နန်းအွန်ရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဇော်၊ အင်းလေးကန် ရေရှည်တည်တံ့စေရေးနှင့် ရေဝေရေလဲဒေသထိန်းသိမ်းရေးဘက်စုံစီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇော်ဦး၊ ကလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ကလောမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင်များ၊ မြင်းမထိကျေးရွာအုပ်စုအတွင်းမှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ဟောပြောကာ တာဝန်ရှိသူများက ကျောက်တစ်လုံးကျေးရွာ၊ ကျောက်စုကျေးရွာနှင့် နန်းအွန်ကျေးရွာများရှိ အိမ်ထောင်စုပေါင်း ၃၀၀ သို့ စွမ်းအားမြင့်မီးဖိုများ ဖြန့်ဝေပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၈ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၃. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၉၇၀၀	၀. ၀၃၂၂၉
တရုတ် (ယွမ်)	၆. ၃၀၆၈၀	၀. ၁၅၈၅၆
အိန္ဒိယ (ရူပီး)	၅၁. ၀၃၃၅	၀. ၀၁၉၅၉
မလေးရှား (ရင်းဂစ်)	၃. ၀၅၈၅၀	၀. ၃၂၆၉၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၀၆၅	၀. ၇၉၃၂၄
ဂျပန် (ယန်း)	၈၁. ၆၄၀၀	၀. ၀၁၂၂၅
တောင်ကိုရီးယား(ဝမ်)	၁၁၂၆. ၃၀	၀. ၀၀၀၈၉
ယူရို	၀. ၇၆၃၆၀	၁. ၃၀၉၅၉
ဗြိတိသျှ (ပေါင်)	၀. ၆၂၉၈၄	၁. ၅၈၇၇၀

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၉-၄-၂၀၁၂ (တနင်္လာနေ့)

၇း၀၅ တရားတော်
၈း၁၅ မြန်မာသကြန်
၄း၁၅ စိုက်ပျိုးသုတ
၄း၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ မြန်မာသကြန်
၅း၀၀ သာယာသီကြွေး
ခေတ်ဆန်းတေး
၅း၂၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဟာသလွင်ပြင်” (အပိုင်း-၉၅)**
၆း၁၀ မြန်မာသကြန်
၆း၂၀ သံစဉ်လမ်းက
လင်းလက်ကြယ်
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၆)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-မေးမြန်းစူးစမ်း
-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “တမလွန်မှပြောသောစကား” (အပိုင်း-၁၀)
-Mini Series

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀ အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအားထိုးမိပါက မျက်လုံးနှင့်နားကန်းနိုင်ခြင်းစသည့် အန္တရာယ်များဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်သည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်းသာ ရေပက်ကစားရန်နှင့် ညနေ ၆ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။

၃။ တားမြစ်ချက်ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

အေးချမ်းပါစေ သင်္ကြန်ရေ

ဦးဟန်ညွန့်(ဥပဒေ)

ရေနှင့်မီး

❊ ရေသည် အေး၏၊
❊ မီးသည် ပူ၏၊
❊ အေးချမ်းခြင်းကို လူတိုင်းကြိုက်၏၊
❊ ပူလောင်ခြင်းကို လူတိုင်းမကြိုက်၊
❊ အေးချမ်းသော သင်္ကြန်ပွဲတော်၊
❊ ပူလောင်ခြင်းကင်းသော သင်္ကြန်ပွဲတော်၊
❊ ရေသဘင်ပွဲ ဆင်နွှဲကြသည့် အတာသင်္ကြန်ပွဲတော်၊
❊ အတာကူးသည့် တန်ခူးလရာသီပွဲတော်၊
❊ အေးချမ်းလှသည့်သင်္ကြန်ရေကို ပတ်ဖျန်းကြည်နူးကြသည့် နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းချိန်ပွဲတော်၊

သင်္ကြန်ဟူသည်

“သင်္ကြန်ဟူသည် သင်္ကန္တ”ဟူသော ပါဠိပုဒ်မှ ဆင်းသက်၏။ ကူးပြောင်းခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိခြင်းဟု အဓိပ္ပာယ်ရ၏။

တန်ခူးလ

တန်ခူးလသည် မြန်မာလများ၏အဦးအစဖြစ်၏။ အဦးအသစ်ဖြစ်သော အတာကူးသည့် တန်ခူးလရာသီလည်း ဖြစ်၏။ ရွက်ဟောင်းကြွေ၍ ရွက်သစ်လောင်းချိန်လည်းဖြစ်၏။ တန်ခူးလတွင် သင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲကြကုန်၏။ နှစ်သစ်ကူးပြောင်းချိန်လည်း ဖြစ်ပေ၏။

အပူမှအအေး

ရာသီဥတုပူပြင်းချိန်ဖြစ်၏။ အပူမှ အအေးသို့ အေးမြသန့်စင်သော ရေချမ်းဖြင့် ပက်ဖျန်းကြကုန်၏။ ရေချမ်းသည် အမွှေးနံ့သာတို့ဖြင့် ရောပွမ်းနေပါ၏။ သပြေခက်နှင့် ရေပက်ကြကုန်၏။ ယဉ်ကျေးမှုအစုစုဖြင့် အလှဆင်ကြပါ၏။ ပူပြင်းသော ရာသီဥတုဒဏ်သည် အေးချမ်းသော မေတ္တာရေ၊ အေးချမ်းသော သင်္ကြန်ရေအောက်တွင် ပျောက်ကွယ်သွားပေတော့၏။ မီးကို ရေနှင့်ငြိမ်းသတ်နိုင်သကဲ့သို့ ပူလောင်မှု၊ ပူပြင်းမှုရာသီဥတုဒဏ်ကိုလည်း အေးချမ်းလှသောသင်္ကြန်ရေဖြင့် ပက်ဖျန်းကာကွယ်နိုင်မည်မုချဖြစ်ပါ၏။

အအေးမှအပူ

အပူမှအအေးသို့ ကူးပြောင်းချိန်၊ အပူဒဏ်ကို ရေအေးဖြင့် ငြိမ်းအေးချိန်၊ ရာသီဥတုပူပြင်းမှုကို ကာကွယ်ချိန် ဖြစ်ကြောင်း အများသိပါ၏။မြန်မာ့ရိုးရာယဉ်ကျေးမှုများနှင့် ပြည့်စုံလှပသော၊ ချစ်စရာကောင်းသော၊ မေတ္တာရနံ့သင်းပျံ့ကြိုင်လှိုင်သော၊ ရိုးရာအလှသဘာဝရေသဘင်ပွဲတော်ကြီးဖြစ်ကြောင်းလည်း ပြည်သူအပေါင်းယုံကြည်လက်ခံကြပါ၏။ အေးချမ်းသာယာမှုကို အရုပ်ဆိုးအကျည်းတန်မှုများဖြင့် အမည်းစက်မထင်ကြစေလို။ အပူမှအအေးကို၊ အအေးမှအပူမဖြစ်စေလို။ ရိုးရာမပျက်စေလို။ ပြည်သူအပေါင်းအေးချမ်းကြပါစေ။ သပြေခက်နှင့် ရေပက်ကြသည့်နှယ်၊ မေတ္တာနယ်ပယ် ကမ္ဘာကုန်ကျယ်နိုင်ကြပါစေ။

မှုခင်းကင်းသောသင်္ကြန်

သင်္ကြန်၏အလှအပကို ပြစ်မှုများက ဖျက်ဆီးတတ်သည်။ သင်္ကြန်ရေကစားရင်း ချစ်စနိုးပွဲမှ ရန်ပွဲဖြစ်ကြသည်။ အပျော်လွန်ရာမှ ရာဇဝတ်မှုကျူးလွန်တတ်ကြသည်။ မောင်နှင့် နှမ၊ သားနှင့်အမိ ယဉ်ကျေးမှုမရှိတော့။ တိုင်းတစ်ပါးသရုပ်ပျက်ကာ ထိန်းမရ သိမ်းမရ ကဲကြသည်။ မကြားဝံ့ မနာသာတွေ ကြားရ မြင်ရသည်။ အပျော်လွန်ကြသည်။ ပျော်ရွှင်မှုနှင့် ယဉ်ကျေးမှုကို အတိုင်းအတာ တစ်ခုတော့ သတ်မှတ်သင့်သည်။ မိမိစိတ်ကို မိမိထိန်းသိမ်းနိုင်ရမည်။ သင်္ကြန်ပွဲ၏ရိုးရာအလှအပကို မဖျက်ဆီးစေချင်။ ရှင်းရှင်းဆိုရသော် **မှုခင်းကင်းသောသင်္ကြန်ဖြစ်ရန်** သတိပြုစေလိုသည်။ စောင့်ထိန်းစေလိုသည်။ စုပေါင်းကာကွယ်စေလိုသည်။

ထုံသင်းနံ့သာ ရေသီတာဝယ်

“ထုံသင်းနံ့သာ ရေသီတာဝယ်၊ စမ္ပာကရမက်၊ ပန်းပေါင်းဖက်သော” မွှေးကြိုင်သန့်ရှင်းလှသော၊ အေးချမ်းလှသော သင်္ကြန်ရေအစား မြောင်းပုပ်ရေ၊ ညစ်ပတ်သောရေ၊ မဖွယ်မရာသောရေတို့ဖြင့် အသားများ စုတ်ပြဲအောင်၊ နားစည်များကွဲအောင်၊ သူတစ်ဖက်သားအား ထိခိုက်ဒဏ်ရာရအောင်၊ ယဉ်ကျေးမှုကင်းမဲ့သော ရေပက်ခြင်းမျိုးကို ရှောင်ကြဉ်သင့်လှသည်။ ဆိုင်ရာအာဏာပိုင်တို့က တားမြစ်ထားချက်၊ သင်္ကြန်ပွဲတော်စည်းကမ်းကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းအပ်သည်။

ယာဉ်စည်းကမ်းများ၊ မှုခင်းများ

နှစ်စဉ်နှစ်တိုင်း သင်္ကြန်ပွဲတော် မှုခင်းဇယားများကို ပြန်လည်လေ့လာလျှင် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို မြင်ရတွေ့ရသည်။ မှုခင်းသေးသေးမှ မှုခင်းကြီးကြီးပြောင်းလဲ ဖြစ်တတ်သည်ကိုလည်း မမေ့သင့်။ လုံခြုံရေး တင်းတင်းကျပ်ကျပ် မည်မျှပင် ချထားချထား ဥပဒေစည်းကမ်းလိုက်နာသူများဘက်က အဓိက တာဝန်ကျေမှ တော်ကာကျသည်။ သင်္ကြန်တရားရုံးများ၊ ဥပဒေရုံးများ၊ ရဲစခန်းများသည် ရုံးပိတ်ရက်ဖြစ်သော်လည်း တာဝန်ထမ်း၍ သင်္ကြန်ပွဲတော်ကို ကာကွယ်သည်။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် သင်္ကြန်တွင်း တာဝန်ချိန်အပြည့် ထမ်းဆောင်ကြသည်။ ထို့အတူ တာဝန်ရှိသူအုပ်ချုပ်ရေးနှင့် ဌာနအသီးသီးကလည်း သင်္ကြန်ရက်တွင် ရုံးတက်ကြရသည်။ တာဝန်များခွဲ၍ ထမ်းဆောင်ကြရသည်။ အများအကျိုး သယ်ပိုးရသည်။

အေးချမ်းပါစေ သင်္ကြန်ရေ

တစ်နှစ်မှတစ်ခါ ပျော်စရာကောင်းလှပေသော ဤသင်္ကြန်ခါမှာ-

(၁) နှစ်ဟောင်းမှ နှစ်သစ်သို့ ငြိမ်းချမ်းကြည်နူးစွာ ကူးပြောင်းကြပါစို့။
(၂) သင်္ကြန်တွင်း၊ ဥပုသ်သီလစောင့်သူများ၊ တရားစခန်းဝင်သူများအတွက် သာစုခေါ်လျက် ဂါရဝပြုကြပါစို့။
(၃) ဒုလ္လဘရဟန်းဝတ်သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများ၊ ဘာသာအသီးသီးစောင့်ထိန်းကြသူများအတွက် မေတ္တာပို့ကြပါစို့။
(၄) သင်္ကြန်ကာလ နယ်ပယ်ဒေသအသီးသီးသို့ ပုံစံအမျိုးမျိုးဖြင့် ခရီးထွက်သူများ၊ ဘေးမသီရန်မခ၊ ဒေသန္တရ ဗဟုသုတရကြပါစေ။
(၅) ရေကစားမဏ္ဍပ်များ ပေါများပါစေ၊ စည်းကမ်းတကျ ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ကြပါစေ။
(၆) အနုပညာသည်များ၊ ဝါသနာရှင်များ၊ ယိမ်းအကအလှအပ သဘာဝများဖြင့် အားရပါးရ ပျော်ရွှင်ကြည်နူးကြပါစေ။
(၇) အလှပြယာဉ်များ ပြိုင်ပွဲဝင်၍ ထိုက်တန်သောဆုများရကြပါစေ၊ ပြည်သူများ လွမ်းဆွတ်နေကြကုန်သော သံချပ်သံများလည်း တစ်နိုင်ငံလုံး လွှမ်းနိုင်ကြပါစေ။
(၈) ရခိုင်တိုင်းရင်းသား ရေကစားမဏ္ဍပ်တွင် ထားဝယ်၊ အင်းသား၊ ဓနု၊ တောင်ရိုးတိုင်းရင်းသားများပါ စုံညီဆင်နွှဲနိုင်ကြပါစေ။ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးတွင်လည်း အင်တိုက်အားတိုက် ပါဝင်ဆင်နွှဲနိုင်ကြပါစေ။
(၉) နံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲ၊ သင်္ကြန်ရေလောင်းပွဲများလည်း ဆင်နွှဲစည်ကားပါစေ။
(၁၀) မုန့်လုံးရေပေါ်၊ သာကူနှင့် သင်္ကြန်ထမင်း၊ စတုဒိသာပွဲများဖြင့် စည်ကားလျက် ရိုးရာမပျက် အဆင့်အတန်းမရွေး ဆင်နွှဲနိုင်ကြပါစေ၊
(၁၁) မီးရထား၊ မော်တော်ကား၊ ရေယာဉ်များလည်း သင်္ကြန်ကာလအတွင်း အခက်အခဲမရှိ သယ်ယူပို့ဆောင်နိုင်ကြပါစေ၊ တာဝန်ထမ်းဝန်ထမ်းအပေါင်း ကျန်းမာရွှင်လန်းကြပါစေ၊
(၁၂) မြို့ကြီးပြကြီးများမှာသာမက ကျေးလက်ဒေသများအထိ သင်္ကြန်ပွဲတော် နွှဲပျော်နိုင်ကြပါစေ၊ “အေးချမ်းပါစေ သင်္ကြန်ရေ” ဖြင့် နိုင်ငံတစ်ဝန်းလုံး ပက်ဖျန်းကြလျက် မြန်မာ့နှစ်ဟောင်းမှ နှစ်သစ်သို့ ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ကြပါစေသတည်း။ ။

သမိုင်းဝင်ကျိုက်သလ္လံစေတီတော် ဒုတိယမြောက်ဓာတ်လှေကားအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၈

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှုနှင့် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ကြီးကြပ်မှုတို့ဖြင့် စေတီတော်အရှေ့ဘက်မုခ်၌ ငွေကျပ်သိန်း ၂၀၀၀ အကုန်အကျခံ တည်ဆောက်မည့် ဒုတိယမြောက် ဓာတ်လှေကားအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ရင်ပြင်၌ ကျင်းပရာ အလှူရှင်များကိုယ်စား အလှူရှင် ဦးတင်ညွန့်က ဒုတိယမြောက်ဓာတ်လှေကား တည်ဆောက်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းလှိုင်ထံ ကွယ်လွန်သူ ဒေါ်သန်းရင်အား ရည်စူး၍ မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အုတ်ဖိုလမ်းနေ ဦးတင်ညွန့်မိသားစုက ငွေကျပ်သိန်း ၁၃၀ ကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်းနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုးတို့ထံ မော်လမြိုင်မြို့ မြိုင်ရတနာ နှစ်ထပ်ဈေး(အထည်ဆိုင်) ဒေါ်ရီ မိသားစုက ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ (အောက်ပုံ)

လှော်ကားလမ်းပေ ၂၀၀၊ အမြင့် ၈၅ ပေရှိ အဆိုပါ ဒုတိယမြောက် ဓာတ်လှေကားအတွက် ဆက်သွယ်လှူဒါန်းလိုပါက ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်းနှင့် ကျိုက်သလ္လံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းမြင့် ဖုန်း-၀၅၇-၂၆၁၅၆၊ ၀၉-၈၇၀၀၇၇၆၊ အတွင်းရေးမှူး ဦးဟန်လွင် ဖုန်း-၀၉-၄၉၈၀၁၀၅၇၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၂၂၃၀၀တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

၂၀၁၁ မတ်လထက် ၂၀၁၂ မတ်လတွင် ယာဉ်တိုက်မှုလျော့သော်လည်း ဒဏ်ရာရသူတိုး

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးသည်တင်ယာဉ်လိုင်းများတွင် ၂၀၁၁ ခုနှစ် မတ်လထက် ၂၀၁၂ မတ်လ၌ ယာဉ်တိုက်မှု လျော့ကျလာလျက်ရှိသော်လည်း ဒဏ်ရာရရှိသူဦးရေမှာ တိုးလာကြောင်း မထသ(ဗဟို)မှ ထုတ်ပြန်သည့်စာရင်းအရ သိရသည်။

၂၀၁၁ ခုနှစ် မတ်လတစ်လတာအတွင်းတွင် ယာဉ်တိုက်မှု ၂၃ မှု၊ သေဆုံးသူ ခုနစ်ဦး၊ ဒဏ်ရာရရှိသူ ၅၄ ဦး ရှိခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လတွင် ယာဉ်တိုက်မှု ၁၇ မှု၊ သေဆုံးသူ ခုနစ်ဦး၊ ဒဏ်ရာရရှိသူ ၈၅ ဦး စသည်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်တင်ယာဉ်လိုင်းများ၌ တွေ့ကြုံဖြစ်ပွားခဲ့ကြောင်း သိရသည်။

၂၀၁၁ ခုနှစ် မတ်လအတွင်းက ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုများတွင် ယာဉ်တိမ်းမှောက်မှု ရှစ်မှု၊ ယာဉ်နှင့်ယာဉ်တိုက်မိသည့်အမှု ခြောက်မှု၊ ယာဉ်မှ လူသို့တိုက်မိမှု ငါးမှု၊ ယာဉ်နှင့် စက်ဘီးတိုက်မှု နှစ်မှု၊ ယာဉ်နှင့် အရာဝတ္ထုတိုက်မှု နှစ်မှုပါဝင်ပြီး ၂၀၁၂ ခုနှစ် မတ်လအတွင်းတွင် ယာဉ်မှလူတိုက်မှု ငါးမှု၊ ယာဉ်နှင့်ယာဉ်တိုက်မှု လေးမှု၊ ယာဉ်နှင့် စက်ဘီးတိုက်မှု သုံးမှု၊ ယာဉ်မှ အရာဝတ္ထုတိုက်မှု သုံးမှု၊ ယာဉ်မှ အနေးယာဉ်တိုက်မှု တစ်မှုနှင့် ယာဉ်တိမ်းမှောက်မှု တစ်မှုပါဝင်ခဲ့ကြောင်း သိရသည်။ (၆၈၀)

မဟာဓာတ်အားလိုင်းမှ ဓာတ်အားရရှိမှုအပေါ် မျှတစွာ ခွဲဝေပေးမှုကြောင့် လျှပ်စစ်သုံးစွဲသူများ ကျေနပ်မှုရရှိ

ပဲခူး ဧပြီ ၈

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကိုကိုနိုင်၊ ပဲခူးခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်သန်းဝင်းနှင့် ပဲခူးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းထွဋ်တို့၏ ညွှန်ကြားမှုဖြင့် မဟာဓာတ်အားလိုင်းမှ ပဲခူးမြို့အတွက် ရရှိသော လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်အပေါ်မူတည်၍ ယခုအခါ ပဲခူးမြို့ပေါ်ရှိ လျှပ်စစ်ဓာတ်အား အသုံးပြုနေသော ရပ်ကွက်ပေါင်း ၁၀၀ ခန့်တို့သို့ အလှည့်ကျမီးပေးဝေမှုစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။

ပဲခူးမြို့ပေါ်တွင် လျှပ်စစ်ဓာတ်အားခွဲရုံပေါင်း အမှတ် (၁) (၂) (၃) ဖြင့် လျှပ်စစ်ဓာတ်အားခွဲရုံသုံးရုံရှိရာ ၎င်းဓာတ်အားခွဲရုံများမှ ပဲခူးမြို့ပေါ်ရှိလုပ်သားပြည်သူများသို့ တစ်နေ့လျှင်ပျမ်းမျှ လျှပ်စစ်သုံးဝန်အား ၁၅ မဂ္ဂါဝပ် အသုံးပြုနေရာမှ လုံလောက်မှုရှိခဲ့သည်။ ယခုအခါ တစ်နေ့လျှင် ပျမ်းမျှလျှပ်စစ်သုံးဝန်အား ၅ မဂ္ဂါဝပ်မျှသာ အသုံးပြုနေရသဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှု မလုံလောက်သော ပြဿနာများနှင့် ထပ်မံတွေ့ကြုံနေရသည်။

ပဲခူးမြို့နယ် မြို့နယ်လျှပ်စစ် အင်ဂျင်နီယာဌာန ကွပ်ကဲမှုရုံးအနေဖြင့်လည်း ပဲခူးမြို့မှ လျှပ်စစ်ဓာတ်အားအသုံးပြုသူ ပြည်သူများအား အလှည့်ကျစနစ်ဖြင့် ဓာတ်အားပေးဝေမှုကို ပြေလည်မှုရရှိအောင် ဆောင်ရွက်ပေးခဲ့သဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုသူ ပြည်သူများ ကျေနပ်လျက်ရှိသည်။

ပဲခူးမြို့မှာ နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းပေါ်တွင်ရှိပြီး ပဲခူးမြို့ အရှေ့ဘက်အနီးရှိ ကမာနတ်ဓာတ်အားခွဲရုံကြီးမှ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာန (LDC) သို့ လည်းကောင်း၊ ပဲခူးမြို့ လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာနသို့ လည်းကောင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရရှိမှု မဂ္ဂါဝပ်ပေါ်မူတည်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးနေရလျက်ရှိသည်။

ယခုကဲ့သို့ လျှပ်စစ်ဓာတ်အား မလုံလောက်မှုပြဿနာမှာ မိုးရာသီကာလသို့ ရောက်မည့် မေလအထိ ကြာမြင့်ဦးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

နီလာဝင်း (ရွှေသွေးကြီး)

လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန် ကျေးရွာရပ်ကွက်များတွင် ထရန်စဖော်မာများ တပ်ဆင်

မော်လူး ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင်းရှိ လျှပ်စစ်ဓာတ်အား အပြည့်အဝ လုံလောက်စေရန် 100 kv ထရန်စဖော်မာနှစ်လုံးကို အုန်းဒုတ်ရွာနှင့် မော်လူးမြမာလာ (၅)ရပ်ကွက်တွင် မတ် ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းနှင့် လျှပ်စစ်ဝန်ထမ်းများ တပ်ဆင်ဆောင်ရွက်နေသည်ကို သိရသည်။

အထက်ပါ 100 kv ထရန်စဖော်မာ တစ်လုံးကို အုန်းဒုတ်ရွာတွင် တပ်ဆင်ပြီး ကျန် 100 kv ထရန်စဖော်မာ တစ်လုံးကို မော်လူးမြမာလာ (၅) ရပ်ကွက်၌ တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** (၆၈၅)

သင့်သွေးဖြင့် အသက်ကယ်ပါ

မန္တလေးမြို့၌ စက်ဘီး၊ ဆိုင်ကယ်သွားကွန်ကရစ်လမ်း ဖောက်လုပ်ပြီးစီး

မန္တလေး ဧပြီ ၈

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သူမြို့တော်သားများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့တွင်းလမ်းများ တိုးချဲ့ခင်းခြင်း၊ ထပ်ပိုးလွှာတင်နိုင်လွန်ကတ္တရာခင်းခြင်းအပြင် တိုးတက်များပြားလာသော စက်ဘီးဆိုင်ကယ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်စေရေးအတွက် လမ်း၊ တံတားဌာနမှ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ရန်ကုန်-မန္တလေး အနောက်ဘက်ခြမ်း ရတနာပူရပြတိုက်နှင့် မန္တလေး-လားရှိုး မီးရထားသံလမ်းကြားတွင် အကျယ်ပေ ၂၀၊ အရှည် ပေ ၇၄၀၀ ရှိ စက်ဘီးဆိုင်ကယ်သွား ကွန်ကရစ်လမ်းအား ဖောက်လုပ်ခဲ့ရာ မတ် ၃၁ ရက်က ပြီးစီးခဲ့ပြီး ဧပြီ ၆ ရက်မှစတင်၍ စက်ဘီးဆိုင်ကယ်များ အသုံးပြုသွားလာနိုင်ကြောင်းနှင့် မော်တော်ကားလမ်းပေါ်မှ စီးနင်းမောင်းနှင်ပါက စည်ပင်သာယာရေးဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ (၆၅၃)

○ ကျောဖုံးမှ

ထို့အပြင် မန္တလေးခရိုင်နှင့် ပတ်ဝန်းကျင်ခရိုင်၊ မြို့နယ်များရှိပြည်သူများအတွက် ဓာတ်အားပိုမိုကောင်းမွန်စွာ ဖြန့်ဖြူးနိုင်ရန် ၃၃ ကေဗွီ ဓာတ်အားလိုင်း (၄၇ ဒသမ ၃၂)မိုင်၊ ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ ငါးရုံ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း(၁၁ ဒသမ ၃၆)မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ အလုံး ၅၀၊ ၄၀၀ဗို့ ဓာတ်အားလိုင်း(၇ ဒသမ ၅၃)မိုင်တို့ကို ငွေကျပ်သန်းပေါင်း(၇၃၂၃)သန်းကျော် အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြောက်ပြင်ပင်မဓာတ်အားခွဲရုံနှင့် ဆက်စပ်ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းများပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများ၊ အဘက်ဘက်မှပိုင်းဝန်း ကူညီစောင့်ရှောက်ခဲ့ကြသော မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က မြောက်ပြင်ပင်မဓာတ်အားခွဲရုံတည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအတွက် မန္တလေးတိုင်းဒေသကြီးအနေဖြင့် ဂုဏ်ယူပါကြောင်းနှင့် ဒေသခံပြည်သူများကလည်း ရရှိသောလျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာ အသုံးပြုပြီး ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပင်မဓာတ်အားခွဲရုံ ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံ၏ Switch Yard နှင့် Control Room များအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယခုဖွင့်လှစ်ခဲ့သော မြောက်ပြင်ပင်မဓာတ်အားခွဲရုံသည် ၁၀၀ အမ်ဗွီအေ Three Phase ထရန်စဖော်မာ နှစ်လုံးဖြင့် တည်ဆောက်ခဲ့သော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဒုတိယမြောက် ပင်မဓာတ်အားခွဲရုံဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❒ **အရန်ဆန်ထားရှိရေးမှ**

ဆန်တန်ချိန် ၁၀၀ ပေးသွင်းရန် စာချုပ်ချုပ်ဆိုသည့်အခါ တောင်သူများထံမှ စပါးတင်း ၁၀၀၀၀ ဝယ်ယူပေးသွင်းရမည်ဖြစ်သည်။ မြို့နယ်များတွင် ကိုယ်စားလှယ်များ သတ်မှတ်ထားပြီးဖြစ်၍ အဆိုပါကိုယ်စားလှယ်များထံ တောင်သူများမှ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချနိုင်မည် ဖြစ်သည်။ ကိုယ်စားလှယ်များနှင့် ဆက်သွယ်နိုင်မည့် လိပ်စာများကို မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း မြို့နယ်ရုံးများနှင့် ရုံးချုပ်တို့၌ ဆက်သွယ်မေးမြန်းနိုင်သည်။ (မောင်အောင်)

◆ **ချန်ပီယံမှ**

မန်ယူအသင်း၏ သမ္မာရင့်ကစားသမားကြီး ပေါလ်စခိုးလ်က ကိုက် ၃၀ အကွာမှ အပြင်းကန်သွင်းမှုကြောင့် ကျူပီအာဂိုးသမား မကာကွယ်နိုင်ဘဲ ဒုတိယဂိုး ပေးလိုက်ရသည်။ ယင်းနောက် မန်ယူက ပေါလ်စခိုးလ်အစား ကလီဘာလေ၊ ရာဖေးလ် အစား ဖီးလ်ဂျုံးတို့ကို အစားထိုး၍ ပွဲကို ထိန်းကစားသွားပြီး ပွဲအပြီးတွင် မန်ယူက နှစ်ဂိုးအပြတ် အနိုင်ရရှိသွားခဲ့သည်။ ဒုတိယနေရာမှ မန်စီးတီးမှာ အာဆင်နယ်ကို တစ်ဂိုး-ဂိုးမရှိနှင့် ရှုံးနိမ့်ခဲ့သည့်အတွက် မန်ချက်စတာယူနိုက်တက်နှင့် ရှစ်မှတ်ကွာဟ သွားပြီဖြစ်သည်။ ***အင်တာနက်။***

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နှစ်ဦးတန်ခူးမိုးရွာသွန်း၍ စိုက်ပျိုးရေးအဆင်ပြေ

ရေစကြို ဧပြီ ၈

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြောက်ဘက်ခြမ်းတွင် ဧပြီ ၃ ရက်နံနက်က တစ်နာရီနီးပါးကြာ ရွာသွန်းခဲ့သော လတန်ခူး၏ ပထမဆုံးမိုးမှာ မိုးရေချိန် စံချိန်တင် ရွာသွန်းခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် နွေစပါး၊ နွေနှမ်း၊ မိုးကြို ပဲတီစိမ်းများအတွက် အကျိုးများသော မိုးဖြစ်ခဲ့ပြီး မြောက်ဘက်ခြမ်းတွင် ယခုအခါ ကုလားပဲ၊ နေကြာများ ရိတ်သိမ်းပြီးဖြစ်၍ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း လေ့လာသိရှိရသည်။

မြောက်ဘက်ခြမ်းဒေသ ရွှေကျောင်းလျှပ်စစ်မြစ်ရေတင်ရေသောက်ဧရိယာတွင် သိပ္ပံနည်းကျစိုက်ပျိုးစနစ် (GAP) ဖြင့် စိုက်ပျိုးထားသော တောင်သူပညာပေး ပုလဲသွယ် အထူးအထွက်တိုးစပ်မျိုးစပါး ၁၀ ဧက စိုက်ကွင်းမှ တစ်လနှင့်ငါးရက်သား စပါးခင်းမှာ သဘာဝမိုးရေကြောင့် ပိုမိုအကျိုးများ သန်စွမ်းဖြစ်ထွန်းနေမှုကို ဧပြီ ၃ ရက် ညနေတွင် တွေ့မြင်ခဲ့ရသည်။ **(အောက်ပုံ)**

(ဖေထွဏ်းဇော်-ရေစကြို)



ပါကစ္စတန်သမ္မတဇာဒါရီ အိန္ဒိယသို့ ပထမဆုံးအကြိမ် သွားရောက်

အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာသည့် ပါကစ္စတန်သမ္မတနှင့် အိန္ဒိယဝန်ကြီးချုပ်တို့ တွေ့ဆုံကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နယူးဒေလီ ဧပြီ ၈

ပါကစ္စတန်နိုင်ငံသမ္မတ အဆစ်အလီဇာဒါရီသည် ဧပြီ ၈ ရက်က အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်ခဲ့ရာ ယင်းမှာ ခုနစ်နှစ်တာကာလအတွင်း ပါကစ္စတန်နိုင်ငံ အကြီးအကဲတစ်ဦးအနေဖြင့် အိန္ဒိယသို့လာရောက်သည့် ခရီးစဉ်လည်းဖြစ်ခဲ့သည်။

နယူးဒေလီမြို့ ပလမ်လေတပ်အခြေစိုက်စခန်းတွင် ပါကစ္စတန်သမ္မတ ဇာဒါရီအား အိန္ဒိယနိုင်ငံ ပါလီမန်ရေးရာဝန်ကြီး ပါဝမ်ကူးမားဘန်ဆယ်က ကြိုဆိုခဲ့သည်။

ပါကစ္စတန်သမ္မတ ဇာဒါရီသည် ၎င်း၏ခရီးစဉ်ဖြစ်သော ရာဂျာစသန်ပြည်နယ်ရှိ မွတ်စလင်ဘာသာဝင်တို့ အထွတ်အမြတ်ထားသောဂူဗိမာန်သို့ မသွားရောက်မီ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့သည်။

မျှော်လင့်ရ

၎င်းတို့နှစ်ဦးတွေ့ဆုံစဉ်အတွင်း နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများ ဆွေးနွေးကြမည်ဟုလည်း မျှော်လင့်ရသည်။

မစ္စတာဇာဒါရီ၏ တရားဝင်ပုဂ္ဂိုလ်ရေးခရီးစဉ်မှာ ဒေလီမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၃၅၀ (မိုင် ၂၂၀)အကွာ ဟဂျ်မီယာရှိ မွတ်စလင်သူတော်စင် မွိုင်နူဒင်ခနစ်တီ၏ဗိမာန်ဖြစ်ပြီး ၎င်းနှင့်အတူ ပါကစ္စတန် ပြည်ထဲရေး ရီဟန်မာလစ်၊ သမ္မတဇာဒါရီ၏သားဖြစ်သူ ဘိုင်လာဝယ်ဘူတိုဇာဒါရီနှင့် အခြားအဖွဲ့ဝင်ဦးရေ ၂၅ ဦးထက်မနည်း လိုက်ပါခဲ့သည်။ **အင်တာနက်။**

အာဖဂန်ရဲနှင့် စစ်သွေးကြွများတိုက်ခိုက် ရဲတစ်ဦးနှင့် စစ်သွေးကြွလေးဦး သေဆုံး

ဂျာလာလာဘတ် ဧပြီ ၈

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးအရှေ့ဘက်မှ ကီလိုမီတာ ၁၂၀ ကွာဝေးသော နန်ဂဟာပြည်နယ် လယ်လ်ပိုးခရိုင်တွင် အာဖဂန်ရဲတပ်ဖွဲ့ဝင်များနှင့် တာလီဘန်စစ်သွေးကြွများအကြား ဧပြီ ၈ ရက်က တိုက်ပွဲဖြစ်ပွားရာ အာဖဂန်ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် တာလီဘန်စစ်သွေးကြွလေးဦး သေဆုံးကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဧပြီ ၈ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်က လယ်လ်ပိုးခရိုင်ရှိ နယ်ခြားစောင့်အခြေစိုက်စခန်းတွင်ရှိသော ရဲတပ်ဖွဲ့ဝင်များအား တာလီဘန်စစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များဘက်မှ ပြန်လည်ပစ်ခတ်ရာ နှစ်ဖက်စလုံး သေကျေမှုများရှိကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး အဗ္ဗဒူလ်ကွာယမ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များဘက်မှ သုံးဦးထက်မနည်း ဒဏ်ရာရရှိကြောင်း ၎င်းကပြောကြားပြီး တာလီဘန်များဘက်မှလည်း သုံးဦး ဒဏ်ရာရရှိကြောင်း တာလီဘန်များဘက်မှ ပြောကြားသည်။ **ဆင်ဟွာ။**

ဟေတီနိုင်ငံတွင် ယာဉ်မတော်တဆဖြစ် ၂၇ ဦးသေဆုံး

ပေါ်တိုပရင့်စ် ဧပြီ ၈

ဟေတီနိုင်ငံ မြို့တော်ပေါ်တိုပရင့်စ်တောင်ပိုင်းရှိ အဓိကကျသော အဝေးပြေးလမ်းမကြီးတွင် လူအများ စီးနင်းလိုက်ပါလာသော ကုန်တင်ကားတစ်စီးတိမ်းမှောက်ရာ လူ ၂၇ ဦးထက်မနည်း သေဆုံးကြောင်း သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဧပြီ ၇ ရက် မွန်းလွဲပိုင်းက ဈေးရောင်းဈေးဝယ်လုပ်ငန်းလုပ်ကိုင်သူများ စီးနင်းလိုက်ပါလာသော ကုန်ကားတစ်စီး အဝေးပြေးလမ်းမကြီး အမှတ် (၂)တွင် တိမ်းမှောက်သွားခြင်းဖြစ်သည်။

ကနဦးရရှိသောသတင်းတွင် သေဆုံးသူပေါင်း ၂၀၊ ဒဏ်ရာရသူ ၄၀ ဟု ဖော်ပြထားကြောင်း၊ ဒဏ်ရာရသူများအနက် ဒဏ်ရာပြင်းထန်သဖြင့် ခုနစ်ဦးထပ်မံသေဆုံးသဖြင့် စုစုပေါင်း သေဆုံးသူ ၂၇ ဦးဖြစ်ကြောင်း သတင်းတွင်ပါရှိသည်။

အဆိုပါ ကုန်ကားပေါ်တွင် တင်ဆောင်လာသော ကုန်ပစ္စည်းများမှာ ဝန်နှင့်အားမမျှဘဲ ဝန်ပိုများစွာပါလာကြောင်း၊ အစားအစာ အိတ်များနှင့် အခြားကုန်စည်များတင်ဆောင်ကာ ထုံးစံသွားလာနေကျလမ်းကြောင်းအတိုင်း သွားလာခြင်းသာဖြစ်ကြောင်း၊ သို့ရာတွင် မတ်စောက်သောလမ်းပေါ်ရောက်သွားသည့်အချိန်တွင် ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ ဒယီးဒယိုင်ဖြစ်ကာ မှောက်သွားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဟေတီနိုင်ငံရှိ လမ်းမကြီးများတွင် မကြာခဏဆိုသကဲ့သို့ လမ်းမတော်တဆမှုများနှင့် ကြုံတွေ့ရလေ့ရှိသည်။ **အင်တာနက်။**

ညဘက်စီးနင်းတိုက်ခိုက်မှုနှင့်သက်ဆိုင်သော သဘောတူညီချက် အာဖဂန်နှင့် အမေရိကန်တို့ လက်မှတ်ရေးထိုး

ကဘူး ဧပြီ ၈

အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ ညဘက်ဝင်ရောက်စီးနင်းတိုက်ခိုက်မှုနှင့်သက်ဆိုင်သော သဘောတူညီချက်တစ်ခုကို အာဖဂန်အစိုးရနှင့် အမေရိကန်တို့ တနင်္ဂနွေနေ့တွင် လက်မှတ်ရေးထိုးကြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း လာမည့်ဆယ်စုနှစ်ကာလများအထိ ဆက်လက်တပ်စွဲရေးအတွက် ပိုမိုအရေးပါသောစာချုပ်တစ်ခု ချုပ်ဆိုရေး ပျက်ပြားသွားစေရန် ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်ကို ဖြေရှင်းလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ညဘက်ဝင်ရောက်စီးနင်းမှုသည် ကဘူးနှင့် ဝါရှင်တန်အကြား တင်းမာမှုဖြစ်ပွားစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ နိုင်ငံခြားတပ်ဖွဲ့များ၏ ညဘက်ဝင်ရောက်စီးနင်းတိုက်ခိုက်မှုသည် အာဖဂန်ပြည်သူများကို ဒေါသနှိုးဆွပေးသကဲ့သို့ဖြစ်သည့်အတွက် ရပ်ဆိုင်းပါရန် သမ္မတ ဟာမစ်ကာဇိုင်းက အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။

အထူးလိုအပ်

အဆိုပါ စစ်ဆင်ရေးသည် တာလီဘန်နှင့် အယ်လ်ခိုင်ဒါခေါင်းဆောင်များကို ဖမ်းဆီးရမိရေးအတွက် အထူးလိုအပ်ကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသည်။

၂၀၁၄ ခုနှစ်တွင် တိုက်ခိုက်ရေးတပ်ဖွဲ့အများစု ထွက်ခွာသွားပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့များ ဆက်လက်ရှိစေမည့် "ရေရှည်မဟာဗျူဟာမြောက်မိတ်ဖက်" စာချုပ်ကို အပြီးသတ်ချုပ်ဆိုနိုင်ရေးအတွက် ဤသဘောတူညီချက်သည် အဓိကခြေလှမ်းတစ်လှမ်းဖြစ်သည်။

ရှုမြင်ရ

အာဖဂန်ပြည်သူများအတွက်လည်း ၎င်းတို့၏ နိုင်ငံတကာမိတ်ဆွေများက စွန့်ပစ်ထားရစ်ခဲ့ခြင်းမရှိရေးတွင် အဆိုပါစာချုပ်သည် အရေးပါသည့် အချက်တစ်ရပ်အဖြစ် ရှုမြင်ရသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို ကဘူးကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး အဗ္ဗဒူလ်ရာဟင်ဝါဒက်နှင့် အမေရိကန်တပ်ဖွဲ့ တပ်မှူး ဗိုလ်ချုပ်ကြီး ဂျွန်အောလင်းတို့က သတင်းထောက်များရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ **အင်တာနက်။**

နိုင်ငံခြားတပ်ဖွဲ့ဝင်များ အာဖဂန်နေအိမ်တစ်လုံးအတွင်း ညဘက် ဝင်ရောက်စစ်ဆေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာမြေပူနွေးလာမှုကြောင့် အန္တာတိကတိုက်မှရေခဲလွှာများ ၁၇ နှစ်အတွင်း ဧရိယာ ၈၅ ရာခိုင်နှုန်းကျုံ့ဝင်

ပါရီ ဧပြီ ၈

ကမ္ဘာမြေကြီးပူနွေးလာမှုကြောင့် အန္တာတိကတိုက် ကျွန်းဆွယ်ရှိ ကြီးမားကျယ်ပြောလှသော ရေခဲလွှာကြီးများ သည် ၁၇ နှစ်အတွင်း ဧရိယာအကျယ်အဝန်း ၈၅ ရာခိုင်နှုန်းမျှ ကျုံ့ဝင်သွားခဲ့သည်ဟု ဥရောပအာကာသအေဂျင်စီ (အီးအက်စ်အေ)က ဧပြီ ၆ ရက်တွင် ပြောကြားခဲ့သည်။

၎င်းအေဂျင်စီမှ လွှတ်တင်ထားသောဂြိုဟ်တုမှ ရိုက်ယူခဲ့သည့် ဓာတ်ပုံအရ လာဆင်-ဘီ ဟု ခေါ်ဝေါ်သည့် ရေခဲလွှာကြီး၏ ဧရိယာလျော့နည်းလာမှုမှာ ၁၉၉၅ ခုနှစ်တွင် စတုရန်းကီလိုမီတာ ၁၁၅၀၂ (စတုရန်းမိုင် ၄၃၇၃ မိုင်) တစ်နည်းအားဖြင့် ပင်လယ်ကွေ့ဒေသရှိ ကာတာနိုင်ငံ၏ အရွယ်အစားတမျှရှိခဲ့ရာမှ ယနေ့တွင် ယင်းရေခဲလွှာကြီးမှာ စတုရန်းကီလိုမီတာ ၁၆၇၀ (စတုရန်းမိုင် ၆၃၄ မိုင်)ခန့်သာ ရှိတော့သည်ဟု ဆိုသည်။ **အင်တာနက်။**

နျူလက်နက် ရယူမည်မဟုတ်ပါက အရပ်ဘက် နျူကလီးယားအစီအစဉ်ကို အီရန်ဆက်လက်လုပ်ဆောင်နိုင်

ဝါရှင်တန် ဧပြီ ၈

နျူကလီးယားလက်နက် ရယူပိုင်ဆိုင်ရန် အစီအစဉ်လုံးဝမရှိပါက အီရန်အနေဖြင့် အရပ်ဘက် နျူကလီးယားအစီအစဉ်ကို ဆက်လက်လုပ်ဆောင်နိုင်သည်ဟု အမေရိကန်သမ္မတ ဘာရက်ခ်အိုဘားမားက အီရန်ဘာသာရေးခေါင်းဆောင် အလီခိုမေနီထံ တစ်ဆင့်စကားပါးခဲ့ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဧပြီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နျူကလီးယားလက်နက်ကို မည်သည့်အခါတွင်မျှ ရယူမည်မဟုတ်ဟူသော လူသိရှင်ကြား ကတိစကားအား အလီခိုမေနီအနေဖြင့် စောင့်ထိန်းနိုင်မည် ဆိုလျှင် အီရန်၏ အရပ်ဘက်နျူကလီးယားအစီအစဉ်ကို အမေရိကန်ပြည်ထောင်စုက လက်သင့်ခံမည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ပြောကြားခဲ့သည်ဟု ဆိုသည်။

အမေရိကန်သမ္မတသည် အဆိုပါသတင်းစကားကို ပြီးခဲ့သည့်သီတင်းပတ်က အီရန်သို့ အလည်အပတ်သွားရောက်ခဲ့သော တူရကီဝန်ကြီးချုပ် ရီဆက်တေယစ်အာဒိုဂန်မှတစ်ဆင့် အီရန်ဘာသာရေးခေါင်းဆောင် အလီခိုမေနီထံ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြသည်။

အီရန်သို့ မသွားရောက်မီ ရက်အနည်းငယ် အလိုတွင် တူရကီဝန်ကြီးချုပ်သည် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ အမေရိကန်သမ္မတနှင့် နှစ်နာရီကြာ တွေ့ဆုံကာ အီရန်နျူကလီးယားအရေး၊ ဆီးရီးယားအရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာ၏ အဆိုအရ သိရသည်။

သို့ရာတွင် တူရကီဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ်အတွင်း အီရန်နိုင်ငံအနေဖြင့် ပြည်တွင်း၌ပင်ယူရေနီယံ သန့်စင်ခွင့် ရှိမရှိကို သမ္မတ ဘာရက်ခ်အိုဘားမားက အထူးတလည် ထည့်သွင်းဆွေးနွေးခဲ့ခြင်း မရှိကြောင်း သိရသည်။

ယူရေနီယမ်သန့်စင်မှုဆိုင်ရာ ပြဿနာကို မကြာမီကျင်းပနိုင်ဖွယ်ရှိသည့် အီရန်နှင့် အင်အားကြီးခြောက် နိုင်ငံအကြား ဆွေးနွေးပွဲများ၌သာလျှင် ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြထားသည်။ **အင်တာနက်။**

တိုင်တန်းနစ်ခရီးစဉ်အတိုင်း အပျော်စီးသင်္ဘောတစ်စင်း ထွက်ခွာ

လန်ဒန် ဧပြီ ၈

တိုင်တန်းနစ်သင်္ဘောကြီးသည် သမုဒ္ဒရာရေပြင်အတွင်း နစ်မြုပ်သွားခဲ့ပြီး နှစ်ပေါင်း ၁၀၀ ပြည့်လုနီးပါးအကြာတွင် အပျော်စီးသင်္ဘောတစ်စင်းသည် တစ်ချိန်က တိုက်တန်းနစ်ပေါ်မှ ခရီးသည်အရေအတွက်နှင့်တူညီသော ခရီးသည်များကို တင်ဆောင်၍ တိုင်တန်းနစ်၏ ခရီးလမ်းကြောင်းအတိုင်းပင် တနင်္ဂနွေနေ့တွင် စတင်ထွက်ခွာသည်။

တိုင်တန်းနစ်သင်္ဘော ပထမဆုံး ပင်လယ်ခရီးအဖြစ် ထွက်ခွာခဲ့ရာ ဗြိတိန်နိုင်ငံ ဆော့သင်တန်မှနေ၍ တိုင်တန်းနစ်အမှတ်တရ အပျော်စီးသင်္ဘော ထွက်ခွာခဲ့သည်။

တိုင်တန်းနစ်လမ်းကြောင်းအတိုင်း မောင်းနှင်

အမ်အက်စ်ဘောလ်မိုရဲလ်သည် ခရီးသည် ၁၃၀၉ ဦးတင်ဆောင်၍ တိုင်တန်းနစ်သင်္ဘောသွားခဲ့သည့်လမ်းကြောင်းအတိုင်း မောင်းနှင်မည်ဖြစ်သည်။



လွန်ခဲ့သော နှစ် ၁၀၀ နီးပါးက တိုင်တန်းနစ်သင်္ဘောကြီး၏ မြင်ကွင်း။
(ဓာတ်ပုံ-အင်တာနက်)

ခရီးသည်များသည် တိုင်တန်းနစ်သင်္ဘောပေါ်ရောက်သည့်အလား ခံစားရစေရန် ထိုခေတ်ထိုအချိန် တိုင်တန်းနစ်သင်္ဘောပေါ်တွင် ကျွေးမွေးသော စားသောက်ဖွယ်ရာများမှသည် ဂီတဖျော်ဖြေပွဲအထိ ခရီးစဉ်စီစဉ်သူများက ဖန်တီးပေးထားသည်။

သင်္ဘောခလက်မှတ်တစ်စောင်လျှင် ၂၇၉၉ပေါင်(ဒေါ်လာ ၄၄၄၅)မှ ၅၉၉၅ ပေါင် (ဒေါ်လာ ၉၅၂၀)အထိ သတ်မှတ်သည်။

တိုင်တန်းနစ်သင်္ဘောသည် မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ ရေခဲတောင်တစ်ခုနှင့် တိုက်မိကာ ၁၉၁၂ခုနှစ် ဧပြီ ၁၅ရက်တွင် ထက်ပိုင်းကျိုး နစ်မြုပ်ခဲ့သည်။ **အင်တာနက်။**

အီစတာပွဲတော်အခမ်းအနား၌ ပုပ်ရဟန်းမင်းကြီးသြဝါဒစကားပြောကြားခဲ့

ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ်-၁၆ ကို အီစတာပွဲတော်၌ တွေ့ရစဉ်။

ဗာတီကန်စီးတီး ဧပြီ ၈

ခရစ်ယာန်ဘာသာဝင်တို့၏ အီစတာပွဲတော် (ခရစ်တော်ပြန်လည်ရှင်သန်ထမြောက်မှု) အခမ်းအနားတစ်ရပ်ကို အီတလီနိုင်ငံ ဗာတီကန်စီးတီးရှိ စိန့်ပီတာဝတ်ကျောင်း၌ ဧပြီ ၇ ရက်က ကျင်းပခဲ့ရာ ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ်-၁၆ က အီစတာဖယောင်းတိုင်ကိုင်ဆောင်၍ ပွဲတော်လာအများပြည်သူတို့အား သြဝါဒစကားပြောကြားခဲ့ကြောင်းသိရသည်။

လူသားများသည် အမိုက်တိုက်အတွင်း စမ်းတဝါးဝါးလျှောက်လှမ်းနေဆဲဖြစ်ပြီး ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားသိမြင်နိုင်စွမ်းမရှိသေးကြောင်း ပုပ်ရဟန်းမင်းကြီးက အဆိုပါအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကားစင်တင်အသတ်ခံခဲ့ရပြီးနောက် ယေရှုခရစ်တော်ပြန်လည်ရှင်သန်ထမြောက်လာမှု အထိမ်းအမှတ်အဖြစ် အီစတာပွဲတော်ကို ခရစ်ယာန်ဘာသာဝင်များက နှစ်စဉ်ဆင်နွှဲကျင်းပခဲ့ကြသည်။

မရဏထက် ဘဝကပိုအားကြီးပြီး မကောင်းမှုထက် ကောင်းမှုကပိုအားကြီးကြောင်း၊ မေတ္တာတရားသည် အမုန်းထက်ပိုအားကြီးပြီး အမှန်တရားသည် မုသားထက်ပိုအားကြီးကြောင်း စိန့်ပီတာဝတ်ကျောင်းသို့ စုရုံးရောက်ရှိလာကြသော အများပရိသတ်အား ပုပ်ရဟန်းမင်းကြီးက ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသူ အသက်(၈၅) အရွယ် ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ်-၁၆က ကမ္ဘာ့မြို့ပြများ ညစ်ညမ်းမှုနှင့်ပတ်သက်၍ အီစတာပွဲတော်အခမ်းအနားတွင် အထူးတလည်ထည့်သွင်းပြောကြားခဲ့သည်။ အင်တာနက်။



နေမျက်နှာပြင်ပေါ်တွင် ဖြစ်ပေါ်နေသော နေမုန်တိုင်းဖြစ်စဉ်များကို အမေရိကန်အမျိုးသား လေကြောင်းနှင့် အာကာသအေဂျင်စီ (နာဆာ) ဂြိုဟ်တုမှ တွေ့ရစဉ်။

လျှပ်စစ်ဓာတ်ဆောင် အမှုန်တိမ်တိုက်များကြောင့် နေလျှင်လှုပ်ခတ်မှုများဖြစ်ပေါ်ရ

ဝါရှင်တန် ဧပြီ ၈

အင်အားပြင်းမြေလျှင်လှုပ်ခတ်မှုနှင့် အလားတူသော နေမျက်နှာပြင် လှုပ်ရှားမှုဖြစ်စဉ်များသည် နေ၏လေထုလွှာအတွင်းမှ လျှပ်စစ်ဓာတ်ဆောင်အမှုန် တိမ်တိုက်များကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဧပြီ ၆ ရက်တွင် ပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်ဆောင်အမှုန်တိမ်တိုက်များအား အကြောင်းခံ၍ဖြစ်ပေါ်လာသော နေမျက်နှာပြင်လှုပ်ရှားမှုများကို နေလျှင်လှုပ်ခတ်မှုဖြစ်စဉ်များဟူ၍ သိပ္ပံပညာရှင်များက ခေါ်ဆိုသတ်မှတ်ထားကြသည်။

နေမုန်တိုင်းဖြစ်စဉ်များ၊ အာကာသအတွင်းသို့ အင်အားပြင်းထန်သော အိတ်စ်ရေးရောင်ခြည်များနှင့် ခရမ်းလွန်ရောင်ခြည်များ ထုတ်လွှတ်ပေးတတ်သည့် နေပေါက်ကွဲမှုဖြစ်စဉ်များသည် နေလျှင်လှုပ်ခတ်မှုများနှင့် ဆက်စပ်မှုရှိကြောင်း သုတေသနပညာရှင်များက ယုံကြည်ခဲ့ကြသည်။

သို့ရာတွင် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် တစ်ချိန်တည်းလိုလိုဖြစ်ပေါ်ခဲ့သော နေလျှင်လှုပ်ခတ်မှုဖြစ်စဉ်နှစ်ရပ်နှင့် နေမုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်တစ်ရပ်တို့ကို သုတေသနပညာရှင်များက ထောက်လှမ်းသိရှိခဲ့ရာ နေမုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်သည် ငလျင်လှိုင်းများထွက်ပေါ်စေလောက်အောင် အပူစွမ်းအင်မရှိကြောင်း တွေ့ရှိခဲ့ရသည်။

ယင်းအစား ထိုစဉ်ကာလ နေလျှင်လှုပ်ခတ်မှုများသည် နေ၏အထက်လွှာလေထုအတွင်းမှ လျှပ်စစ်ဓာတ်ဆောင် ဧရာမအမှုန်တိမ်တိုက်ကြီးများကြောင့် ဖြစ်ပေါ်ရကြောင်း သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်။

နေလျှင်လှုပ်ခတ်မှုဖြစ်စဉ်များရှိနေနိုင်ကြောင်း သုတေသနပညာရှင်များက ၁၉၇၂ ခုနှစ်ကပင် ခန့်မှန်းခဲ့ကြသော်လည်း ယင်းဖြစ်စဉ်များ အမှန်တကယ်တည်ရှိကြောင်းကို ၁၉၉၈ ခုနှစ်တွင်မှ အတည်ပြုကြေညာနိုင်ခဲ့သည်။ အင်တာနက်။

မြောက်ကိုရီးယားဒုံးပျံအစီအစဉ်ကြောင့် တိုကျိုမြို့၌ ဒုံးကျည်ကာကွယ်ရေးစနစ်များ ဂျပန်ဖြန့်ကြက်

တိုကျို ဧပြီ ၈

ယခုလအတွင်း မြောက်ကိုရီးယားနိုင်ငံက အကောင်အထည်ဖော်မည့် ဒုံးပျံလွှတ်တင်ရေး အစီအစဉ်နှင့်ပတ်သက်၍ ကာကွယ်မှုရယူသည့်အနေဖြင့် ဂျပန်နိုင်ငံသည် တိုကျိုမြို့တော်၌ ဒုံးကျည်ကာကွယ်ရေးစနစ်များဖြန့်ကြက်ခဲ့ပြီး ဒုံးခွင်းဒုံးများ တပ်ဆင်ထားသော ဖျက်သင်္ဘောများကိုလည်း အရှေ့တရုတ်ပင်လယ်ရေပြင်အတွင်း စေလွှတ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံကို စတင်တည်ထောင်ခဲ့သူ ကွယ်လွန်သူခေါင်းဆောင်ကြီး ကင်အီဆွန်း၏ ဧပြီ ၁၅ ရက်တွင် ကျရောက်မည့် အသက် ၁၀၀ ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဧပြီ ၁၂ ရက်နှင့် ၁၆ ရက် အကြားတစ်ရက်ရက်၌ ငြိမ်းချမ်းရေးအခြေပြု သိပ္ပံသုတေသနဆိုင်ရာ ဂြိုဟ်တုတစ်စင်းအား ပစ်လွှတ်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရက ကြေညာထားပြီး ဖြစ်သည်။

သို့ရာတွင် မြောက်ကိုရီးယား၏ ဂြိုဟ်တုလွှတ်တင်ရေး အစီအစဉ်သည် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို ဖုံးကွယ်ထားသည့် အပေါ်ယံဇာန်းပြအစီအစဉ်သာဖြစ်ပြီး ယင်းနိုင်ငံ၏ ဒုံးကျည်အစီအစဉ်များနှင့် ပတ်သက်၍ ချမှတ်ထားသောကုလသမဂ္ဂ၏ တားမြစ်ချက်များအား ချိုးဖောက်ရာကျမည် ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်များက ယူဆထားကြသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနသည် တိုကျိုဒေသကြီးအတွင်းရှိ စစ်စခန်းသုံးခု၌ ပက်ထရီယော့ဒုံးခွင်းဒုံးများကို ဧပြီ ၇ ရက်တွင် ဖြန့်ကြက်ခဲ့ပြီး ပင်လယ်ပြင်အခြေစိုက် ဒုံးခွင်းဒုံးစနစ်များ တပ်ဆင်ထားသော အေးဂျစ်ဖျက်သင်္ဘောများအားလည်း အရှေ့တရုတ်ပင်လယ်သို့ စေလွှတ်ထားသည်။

အကယ်၍ မြောက်ကိုရီးယားဒုံးပျံသည် ဂျပန်နိုင်ငံ၏ အချုပ်အခြာကို ခြိမ်းခြောက်လာပါက ပစ်ချရန်ဂျပန်ကာကွယ်ရေးဝန်ကြီး ယိုရှိုဟီကိုနိုဒါက သဘောတူခွင့်ပြုထားပြီးဖြစ်သည်။

၂၀၀၉ ခုနှစ်ကလည်း မြောက်ကိုရီးယားနိုင်ငံသည် ဂြိုလ်တုလွှတ်တင်ရေး အစီအစဉ်ကို အကြောင်းပြု၍ တာဝေးပစ်ဒုံးပျံပစ်လွှတ်မှုတစ်ရပ် လုပ်ဆောင်ခဲ့ရာ ဂျပန်နိုင်ငံအနေဖြင့် ဒုံးကျည်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ရသည်။ အင်တာနက်။



တိုကျိုမြို့တော်ရှိ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနအတွင်း ပက်ထရီယော့ ဒုံးခွင်းဒုံးစနစ်များ တပ်ဆင်နေသည့် ဂျပန်မြေပြင်တပ်ဖွဲ့ဝင်များကို ဧပြီ ၇ ရက်က တွေ့ရစဉ်။

အမေရိကန်တိုက်လေယာဉ်ပျက်ကျ အများအပြား အိုးအိမ်မဲ့ဖြစ်ခဲ့ရ

ဝါရှင်တန် ဧပြီ ၈

အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ်ရှိ အသက်အရွယ်အိုမင်းသူများနေထိုင်သော တိုက်ခန်းတွဲတစ်ခုပေါ်သို့ အမေရိကန်ရေတပ် ဂျက်တိုက်လေယာဉ်တစ်စင်း ဧပြီ ၆ ရက်က ပျက်ကျခဲ့သော်လည်း တိုက်ခန်းတွဲ၌ နေထိုင်သူအားလုံး ဘေးမသီရန်မခခဲ့ကြောင်း ကယ်ဆယ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဧပြီ ၇ ရက်တွင် ပြောကြားခဲ့သည်။

သို့ရာတွင် တိုက်လေယာဉ်ပျက်ကျမှုကြောင့် တိုက်ခန်းတွဲတွင် နေထိုင်သူအများအပြားမှာ အိုးမဲ့အိမ့်မဲ့ ဖြစ်ခဲ့ရပြီး ဧပြီ ၆ ရက် ညပိုင်းတွင် ကြက်ခြေနီခိုလှုံရေးစခန်းများ၌ နေထိုင်ခဲ့ကြရကြောင်း တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

လေယာဉ်ပျက်ကျမှု ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း တိုက်ခန်းတွဲ၌ နေထိုင်သူသုံးဦးပျောက်ဆုံးနေခဲ့သော်လည်း ညလုံးပေါက်ရှာဖွေ၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီးနောက် ၎င်းတို့အား ဘေးကင်းစွာ ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

အက်ဖ်/အေ-၁၈ အမျိုးအစား ရေတပ်တိုက်လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူးနှစ်ဦးအပါအဝင် လူ ခုနစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သော်လည်း ကံကောင်းထောက်မစွာ အသေအပျောက်မရှိခဲ့ပေ။

ယင်းတိုက်လေယာဉ်သည် လေ့ကျင့်ပျံသန်းစဉ်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်ပြီး တိုက်လေယာဉ်မှူးနှစ်ဦးလုံးမှာ လေယာဉ်ပေါ်မှဘေးကင်းစွာ ခုန်ထွက်နိုင်ခဲ့ကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှုကြောင့် တိုက်ခန်းအဆောက်အအုံ ခြောက်လုံးပျက်စီးခဲ့ရပြီး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသူများအတွက် နေရေးထိုင်ရေး စီစဉ်ပေးရန် ကြက်ခြေနီအဖွဲ့နှင့် အမေရိကန်ရေတပ်တို့အကြား ဆွေးနွေးလျက်ရှိသည်။

အင်တာနက်။

အမေရိကန် ရေတပ် တိုက်လေယာဉ် ပျက်ကျမှုကြောင့် လူနေတိုက်ခန်းများ မီးလောင်ပျက်စီးနေသည်ကို တွေ့ရစဉ်။

ကိုရီးယားကျွန်းဆွယ်၏ လက်ရှိအခြေအနေ တရုတ်စိုးရိမ်မကင်းဖြစ်နေ

ပေကျင်း ဧပြီ ၈

ကိုရီးယားကျွန်းဆွယ်ဒေသ၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ တရုတ်အစိုးရအနေဖြင့် စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးများနှင့် ဧပြီ ၇ ရက်တွင် တွေ့ဆုံဆွေးနွေးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျဲ့ချီက ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ် ဒေသတွင် မတည်ငြိမ်မှုနှင့် တင်းမာမှုများ တိုးမြင့်ဖြစ်ပေါ်စေခဲ့သည့် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးပျံလွှတ်တင်ရေး စီမံချက် အထမမြောက်မီ တရုတ်နိုင်ငံခြားရေးဝန်ကြီးက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာသတင်းဌာန၏ အဆိုအရ တရုတ်နိုင်ငံခြားရေးဝန်ကြီးသည် တရုတ်နိုင်ငံအရှေ့ပိုင်း နင်ပိုးမြို့၌ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးများနှင့် ဧပြီ ၇ ရက်တွင် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ဧပြီ ၈ရက်တွင် တစုတစည်းတည်းတွေ့ဆုံသွားမည်ဖြစ်ပြီး မြောက်ကိုရီးယား၏ ဒုံးပျံပစ်လွှတ်ရေးစီမံချက်နှင့် အခြားဒေသတွင်းအရေးကိစ္စများကို ဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

မြောက်ကိုရီးယား ဒုံးပျံလွှတ်တင်ရေးစီမံချက်အပေါ် နိုင်ငံတကာ၏ စိုးရိမ်ပူပန်မှုများအား ဖြေလျှော့ပေးရာတွင် အရေးပါသောကဏ္ဍမှပါဝင်ရန်နှင့် ဒုံးပျံလွှတ်တင်ရေးစီမံချက်ကို မြောက်ကိုရီးယားက ဆက်လက်လုပ်ဆောင်မည် ဆိုပါက အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးက တရုတ်အစိုးရအား တိုက်တွန်းတောင်းဆိုခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အင်တာနက်။

ရုရှားစစ်ဘက်ဆက်သွယ်ရေးဂြိုဟ်တု ပစိဖိတ်သမုဒ္ဒရာအတွင်း ကျဆင်းခဲ့

မော်စကို ဧပြီ ၈

မိုလ်နီယာ-၁-၈၉ အမည်ရှိ ရုရှားစစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးဂြိုဟ်တုဟောင်းမှ အစိတ်အပိုင်းများသည် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ဧပြီ ၇ ရက် ညပိုင်းတွင် ကျဆင်းခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကြိုတင်မှန်းဆထားသော အချက်အလက်များအရ ကမ္ဘာ့လေထုအထက်လွှာကိုဖြတ်သန်းစဉ် မီးလောင်ကျွမ်းမှုမရှိခဲ့သည့် မိုလ်နီယာဂြိုဟ်တု၏ အစိတ်အပိုင်းများသည် ဧပြီ ၇ ရက် မော်စကိုစံတော်ချိန် နံနက် ၃ နာရီ ၁၇ မိနစ်တွင် ကမ္ဘာမြေပြင်ပေါ်သို့ ကျဆင်းခဲ့ကြောင်း ရုရှားအာကာသအေဂျင်စီ၏အဆိုအရ သိရသည်။

ရုရှားနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးဂြိုဟ်တု မိုလ်နီယာ-၁-၈၉ ကို ၁၉၉၆ ခုနှစ် ဩဂုတ်လအတွင်း ရုရှားမြောက်ပိုင်း ပလက်ဆက်ခ် အာကာသစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ၎င်း၏ စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးကဏ္ဍအတွက် သက်တမ်းရင့်ရော်နေပြီဖြစ်သော မိုလ်နီယာ-၁ တီအမျိုးအစားဂြိုဟ်တုများနေရာတွင် မရီဒီယမ်အမျိုးအစားဂြိုဟ်တုများဖြင့် ၂၀၀၆ ခုနှစ်တွင် အစားထိုးအသုံးပြုခဲ့သည်။ **အင်တာနက်။**

အခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ ခုံရုံးများ

နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံအတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။ နိုင်ငံတည်မော်ကွန်းကြီးလည်း ဖြစ်သည်။ နိုင်ငံ၏ ကြေးမုံပြင် "ကြည့်မှန်"လည်းဖြစ်သည်ဟု ပညာရှင်တို့ ဖော်ညွှန်းပြဆိုခဲ့ကြသည်။ ရှေးခေတ်နိုင်ငံရေးသိပ္ပံပညာရှင် "အရစ်တိုတယ် (Aristotle)"က "ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အုပ်ချုပ်သူအစိုးရများသို့ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းသည့် အခြေခံအကျဆုံး ဥပဒေဖြစ်သည်"ဟု ဖွင့်ဆိုခဲ့သည်။

ခေတ်သစ်နိုင်ငံရေးအခြေခံဥပဒေပညာရှင် "စီအက်ဖ်စထရောင်း (C.F Strong)ကမူ ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အစိုးရ၏ အာဏာများနှင့် ပြည်သူတို့၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို စုစည်းဖော်ပြထားသော အစိုးရနှင့် ပြည်သူအကြား ဆက်ဆံရေးကောင်းမွန်စေရန် ညှိနှိုင်းသတ်မှတ်ထားသော'မူ'များဖြစ်သည်" ဟုလည်းကောင်း၊ "ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ခွဲဝေကျင့်သုံးရန် နိုင်ငံတော်ကို မည်သည့်အဖွဲ့အစည်းများဖြင့် မည်သို့ဖွဲ့စည်းတည်ဆောက်မည်။ ထိုအဖွဲ့အစည်းများသို့ မည်သည့်အာဏာများ အပ်နှင်းမည်။ ယင်းတို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အာဏာအရ မည်သို့ကျင့်သုံးမည်---စသည်ပါရှိသော နိုင်ငံနှင့် ပြည်သူတို့ချုပ်ဆိုထားသည့် သဘောတူစာချုပ်ကြီးဖြစ်သည်"ဟု ဖွင့်ဆိုရှင်းလင်းခဲ့သည်။

"လော့ဒ်ဘရိုက်စ်" (Lord Bryce) ကမူ "ဖွဲ့စည်းပုံအခြေခံဥပဒေ ဟူသည် အဖွဲ့အစည်း (အမြဲတမ်း Permanent institution)များအား ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်နှင့် တိကျသောလုပ်ပိုင်ခွင့်အာဏာကို ဥပဒေဖြင့် အပ်နှင်းဖော်ဆောင်ရသည့် နိုင်ငံရေးအဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံ၊ အစီအမံတစ်ရပ် ဖြစ်သည်" ဟု ပြဆိုခဲ့သည်။

မျက်မှောက်ခေတ် နိုင်ငံရေးသိပ္ပံပညာရှင်များ၊ ဥပဒေပညာရှင်များကမူ ---အခြေခံဥပဒေတစ်ခု၏ အရေးပါသော အချက်မှာ------"နိုင်ငံတော်အာဏာကို ပိုင်းခြား ခွဲဝေကျင့်သုံးခြင်းမူ သဘောတရားနှင့် ယင်းတို့အချင်းချင်း အပြန်အလှန်ထိန်းကျောင်းသည့်စနစ်ကို ကျင့်သုံးဖော်ဆောင်ရေးဖြစ်သည်"ဟု ဖော်ညွှန်းခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတော်အာဏာကို ပိုင်းခြားခွဲဝေ ကျင့်သုံးခြင်းနှင့် အပြန်အလှန်ကြပ်မတ်ထိန်းကျောင်းသည့် ဥပဒေမူသဘောတရား (Doctrine of Seperation of Power and the Principle of Check and balance) ဖော်ဆောင်သည့် အခြေခံဥပဒေစနစ်တစ်ရပ်ကို စတင်ကျင့်သုံးခဲ့သော ရှေးအကျဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ တရားလွှတ်တော်ချုပ်သည် (Supreme Court of the United States) အခြေခံဥပဒေနှင့် ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပိုင်ခွင့်အာဏာရှိပြီး အခြေခံဥပဒေနှင့်မညီသော ပြုလုပ်မှုတို့ကို အဆုံးအဖြတ်ပြုသည်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံတွင် ၁၉၄၇ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ "မြန်မာနိုင်ငံတရားလွှတ်တော်ချုပ်သည်လည်း အခြေခံဥပဒေကို အနက်အဓိပ္ပာယ် ဖွင့်ဆိုပိုင်ခွင့် အာဏာအပ်နှင်းခြင်းခံရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ အငြင်းပွားမှုနှင့် အခြေခံဥပဒေနှင့်မညီသော ပြုလုပ်မှုတို့ကို အဆုံးအဖြတ်ပြုခဲ့သည်။

ဆိုရှယ်လစ်စနစ်ကျင့်သုံးသော ဆိုရှယ်လစ်နိုင်ငံတော်များ၏ အခြေခံဥပဒေစနစ်တွင် ဆိုရှယ်လစ်ဥပဒေရေးရာမူသည်(က)နိုင်ငံတော်အာဏာကို ပိုင်းခြားခွဲဝေကျင့်သုံးသည့်စနစ်ကို လက်မခံ၊ ငြင်းပယ်သည်။ (ခ) နိုင်ငံတော်အာဏာကို တပေါင်းတစည်းတည်း ထားရှိသည့်မူကို ကျင့်သုံးသည်။ (The Principle of Socialist Legality (a) rejects the doctrine of seperation of Power;and (b)accepts the Principle of Unified Power.)

ဥပမာ(၁) တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော "အမျိုးသားပြည်သူ့ကွန်ဂရက်သည် နိုင်ငံ၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ကြောင်း---ဗဟိုပြည်သူ့အစိုးရနှင့် ပြည်သူ့တရားလွှတ်တော်ချုပ်တို့သည် "**အမျိုးသားပြည်သူ့ကွန်ဂရက်**"ကို တာဝန်ခံရမည်ဖြစ်ကြောင်း၊ '**ကွန်ဂရက်**'အစည်းအဝေးကျင်းပသည့်ကာလမဟုတ်လျှင် 'အမျိုးသားပြည်သူ့ကွန်ဂရက်၏ **အမြဲတမ်းကော်မတီ** (The Standing Committee of the National People's Congress)ကို တာဝန်ခံရမည်ဟုလည်းကောင်း၊ ထို'**အမြဲတမ်းကော်မတီ**'သည် ဗဟိုအစိုးရအုပ်ချုပ်ရေးနှင့် ပြည်သူ့တရားစီရင်ရေးကို ကြီးကြပ်ကွပ်ကဲရမည်ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည်ဟုလည်းကောင်း အခြေခံဥပဒေတွင် အာဏာများအပ်နှင်းပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည်ကို တွေ့ရပေမည်။

ပါမောက္ခ ဒေါက်တာတင်အောင်အေး

ဥပမာ(၂) ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၊ ၄၄၊ ၂၀၁ နှင့် ၂၀၀(ဂ)တို့တွင် "ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်ကြောင်း -----ဥပဒေပြုမှုအာဏာကို ပြည်သူ့လွှတ်တော်၌သာ အပ်နှင်းကြောင်း၊ ---ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနက်အဓိပ္ပာယ်ကို ပြည်သူ့လွှတ်တော်ကသာ ဖွင့်ဆိုနိုင်ကြောင်း၊ ---နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီခြင်း ရှိ၊ မရှိဆုံးဖြတ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ကသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း---" ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ထို့ပြင် ပုဒ်မ ၇၃ ပုဒ်မခွဲ(ခ)နှင့်(ဃ)တို့အရ---ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား နိုင်ငံတော်၏ အမြင့်ဆုံးတာဝန်ထမ်းဆောင်ရသည့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌဦးဆောင်သော '**နိုင်ငံတော်ကောင်စီ**'အား "ဖွဲ့စည်းပုံအခြေခံဥပဒေမှအပ အခြားဥပဒေများ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် (အာဏာ)"နှင့် "ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ဥပဒေနှင့်ကိုက်ညီခြင်းမရှိသော ဆုံးဖြတ်ချက်များ၊ အမိန့်များကိုပယ်ဖျက်ပိုင်ခွင့်" အာဏာများအပ်နှင်းပြဋ္ဌာန်းကျင့်သုံးခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

မျက်မှောက်ကမ္ဘာ၏ အဓိကဥပဒေစနစ်ကြီးတစ်ခုဖြစ်သော ဥရောပနိုင်ငံများက စတင်ကျင့်သုံးခဲ့သော ကိုဓဥပဒေ/ပြဋ္ဌာန်းဥပဒေစနစ် (Code Law System)"တစ်နည်း" ဆီဗီလ်ဥပဒေစနစ် (Civil Law System)တွင်မူ. . "ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဥပဒေပြုလွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည်လည်းကောင်း၊ နိုင်ငံအစိုးရ၊ အာဏာပိုင်များ၏ ပြုလုပ်ဆောင်ရွက်ချက်များသည်လည်းကောင်း----"နိုင်ငံနှင့် ပြည်သူသဘောတူအတည်ပြုပြဋ္ဌာန်းထားသည့် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း" စသည့် အခြေခံဥပဒေရေးရာ အငြင်းပွားပြဿနာများကို စီရင်ဆုံးဖြတ်နိုင်ရန် သမားရိုးကျရှိပြီး တရားလွှတ်တော်ချုပ်နှင့် အခြားတရားရုံးများ (Supreme Court and other Courts) အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတစ်ရုံး သီးခြားဖွဲ့စည်းတည်ထောင်၍ အခြေခံဥပဒေဆိုင်ရာ ပါလီမန်နိုင်ငံရေးကို တရားစီရင်ရေးနည်းလမ်း (Judicialization of Constitutional Parliamentary Politics)ဖြင့် ပါမောက္ခ ဒေါက်တာဟန်း(န်) ကယ်(လ်)စင် (၁၈၈၁-၁၉၇၃) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ အတွေးအမြင်၊ သီဝရီ ဥပဒေမူ သဘောတရား (Constitutional Doctrine of the "Constitutional Court" and the "Constitutional review "of the constitutionality of the acts of legislative and executive powers)ကို လက်တွေ့အကောင်အထည်ဖော်ခဲ့ကြသည်မှာ နှစ်ပေါင်းရှစ်ဆယ်မက ကြာခဲ့ပြီဖြစ်သည်။

ပါမောက္ခ ကယ်(လ်)စင်၏ သီဝရီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ တရားစီရင်ရေးစနစ်သည် နိုင်ငံတော်အာဏာကို ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းမူများ (Doctrine of Seperation of Power and the Principle of Check and balance)အပါအဝင် ဥပဒေစိုးမိုးရေးမူကိုလည်း ပံ့ပိုးထောက်ကူလျက် အချုပ်အခြာအာဏာကို အခြေခံဥပဒေနှင့်အညီ ပိုင်းခြားခွဲဝေကျင့်သုံးကြသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ အာဏာပိုင်အဖွဲ့အစည်းများသည် မိမိတို့အား အပ်နှင်းထားသောလုပ်ငန်းတာဝန်များကို ဖော်ဆောင်ရာတွင် တစ်ဖက်စောင်းနင်းမဖြစ်စေဘဲ ဟန်ချက်ညီညီ အခြေခံဥပဒေနှင့်အညီသာ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် လုပ်ကိုင်ဆောင်ရွက်ကြရေးဖြစ်သည်။ ဆိုလိုသည်မှာ ---ဥပဒေပြုသူတို့က အခြေခံဥပဒေနှင့်မညီသော ဥပဒေများ မပြုလုပ်ရေးနှင့် အုပ်ချုပ်သူတို့ကလည်း အခြေခံဥပဒေနှင့်ဆန့်ကျင်သော အဆုံးအဖြတ်များ မပြုလုပ်ကြရေး ဖြစ်သည်။ "ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကြီးစိုးလွှမ်းမိုးမှု" (Supremacy of Constitution) ဟူသော ဥပဒေမူသဘောတရားကိုလည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းဖြစ်သည်။

ပါမောက္ခ ကယ်(လ်)စင်၏ သီဝရီအရ ကယ်(လ်)စင်တရားရုံးပုံစံ (The Kelsenian Court model)ဖြင့် တည်ထောင်သော အခြေခံဥပဒေဆိုင်ရာ "**သီးသန့်တရားရုံး**"သည် အခြေခံဥပဒေကို အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပိုင်ခွင့်အာဏာ အပ်နှင်းခြင်းခံရလျက် တရားစီရင်ရေးစနစ်အတွင်းတွင် အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ(Constitutional disputes)ကို အဓိကတာဝန်ယူစိစစ်စီရင်ဆုံးဖြတ်သည်။ ထိုပုံစံကို ၁၉၂၀ ပြည့်နှစ် ဩစတြီးယား'ပထမ'သမ္မတနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ (The First Republic of the Austrian Constitution, 1920)တွင် စတင်ပြဋ္ဌာန်း အသုံးပြုခဲ့သည်။ ပါမောက္ခကယ်(လ်)စင်လည်း ဩစတြီးယားဝန်ကြီးချုပ် (Chancellor, Karl Renner)၏ တာဝန်ပေးအပ်ချက်အရ ၁၉၃၀ ပြည့်နှစ်အထိ ထိုအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် တာဝန်ထမ်းခဲ့သည်။ ထိုမှနောက်၌ ဂျာမနီ၊ အီတလီ၊ စပိန်၊ ပေါ်တူဂီနိုင်ငံများနှင့် ဥရောပအလယ်ပိုင်းနိုင်ငံများလည်း ကယ်(လ်)စင်တရားရုံးပုံစံနှင့် အခြေခံဥပဒေဆိုင်ရာတရားရုံးစနစ်ကို ကျင့်သုံးဖော်ဆောင်ခဲ့ကြသည်။

၁၉၉၀-၁၉၉၃ ခုနှစ်များ. . . လွန်လေသော်. . .

- (က) အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများအားလုံးသည်လည်းကောင်း-
- (ခ) ယခင်"ယူဂိုစလားဗီးယား ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ" သည် ၁၉၉၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် ပြိုကွဲ၍ ပေါ်ပေါက်လာသည့် ဒီမိုကရေစီနိုင်ငံသစ်များဖြစ်သော " Bosnia and Harzegovina; Croatia; Macedonia; Montenegro; Serbia; Slovenia" နိုင်ငံခြောက်နိုင်ငံသည်လည်းကောင်း-
- (ဂ) ယခင် "ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံများ" (USSR)သည် ပြိုကွဲ၍ ၁၉၉၁ ခုနှစ်တွင် ဒီမိုကရေစီနိုင်ငံသစ်များအဖြစ် တည်ထောင်ခဲ့သော ၁၅ နိုင်ငံအနက် " Turkmenistan" နိုင်ငံမှအပ "Armenia; Azerbaijan; Belaru; Estonia; Georgia; Kazakhstan; Kyrgyzstan; Lavia; Lithuania; Moldova; Russia; Tajikistan; Ukraine; Uzbekistan" နိုင်ငံ ၁၄ နိုင်ငံသည်လည်းကောင်း-
- (ဃ) ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ယခင် "**ချက်ကိုစလိုဗက်ကီးယား** ဆိုရှယ်လစ်သမ္မတနိုင်ငံ" ကို "ချက်သမ္မတနိုင်ငံ" နှင့် "စလိုဗက်ကီးယားသမ္မတနိုင်ငံ"ဟူ၍ ပိုင်းခြားတည်ထောင်ခဲ့သည့် ဒီမိုကရေစီနိုင်ငံသစ်နှစ်ခုသည်လည်းကောင်း-
- (င) အရှေ့တောင်အာရှ ၁၀ နိုင်ငံမှ "ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် မြန်မာ"နိုင်ငံတို့သည်လည်းကောင်း၊ ယခုအခါ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် အာရှ၊ အာဖရိက၊ လက်တင်အမေရိကနိုင်ငံများအပါအဝင်(အင်္ဂလိပ်၊ အမေရိကန်ဥပဒေစနစ်ကျင့်သုံးသောနိုင်ငံများ'Common Law Countries'မပါ၊ ဆိုရှယ်လစ်စနစ်ကျင့်သုံးသော နိုင်ငံများမပါ) ယနေ့ မျက်မှောက်ကမ္ဘာ၏ နိုင်ငံပေါင်း ၇၀ ကျော်သည် မိမိတို့မဲဆန္ဒပေး၍ အတည်ပြုထားသော"နိုင်ငံနှင့် ပြည်သူ့သဘောတူချုပ်ဆိုထားသည့် စာချုပ်ကြီး" ဖြစ်သော"နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ"ကို ကာကွယ်စောင့်ရှောက်နိုင်ရေးနှင့် အာမခံနိုင်ရေးတို့အတွက်လည်းကောင်း၊ အခြေခံဥပဒေအရဖွဲ့စည်းသည့် အာဏာပိုင်အဖွဲ့အစည်းများကလည်း အခြေခံဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရေးအတွက် ကယ်(လ်)စင်တရားရုံးပုံစံကိုအခြေခံ၍ ဖွံ့ဖြိုးလာသော ခေတ်သစ်ဥရောပ အခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးပုံစံ (modern European model of Constitutional review)ကို မိမိတို့နိုင်ငံ၏သမိုင်းပေး လိုအပ်ချက်နှင့်အညီ "အခြေခံဥပဒေဆိုင်ရာတရားရုံး၊ ခုံရုံး၊ ကောင်စီများ(Constitutional Court/ Tribunal/Council)" ဖွဲ့စည်းတည်ထောင် အကောင်အထည်ဖော်လျက်ရှိကြကြောင်း လေ့လာရရှိပေသည်။

မီးလောင်လျှင်

- (က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
- (ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
- (ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
- (ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မတ် ၂၉ ရက်က ညောင်လေးပင်မြို့မဈေးကြီး အရှေ့ဘက်မျက်နှာစာ၌ မြို့နယ်အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြကြစဉ်။ (သတင်းစဉ်)

ကြေးမုံ မြင်ကွင်း — ဓာတ်ပုံမှ ပြောသော သတင်း

ရန်ကုန်မြို့တော်ခန်းမအနီး စည်ပင်လမ်းထိပ်သည် ကားများ၊ လူများ ရှုပ်ထွေးသကဲ့သို့ ကားလမ်းပေါ်အထိ ဈေးဆိုင်များ ခင်းကျင်းရောင်းချနေမှုမှာ. . . .

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေး အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာတွင် မြို့လယ်ဆူးလေစေတီတော်အနီးမှ အမှိုက်သရိုက်များအား သန့်ရှင်းရေးဝန်ထမ်းများက လိုက်လံသိမ်းဆည်းပေးလျက်ရှိသည်မှာ မြို့ပြသန့်ရှင်းရေးအတွက် စိတ်ကျေနပ်စရာ။

ပုသိမ်-ဟင်္သာတ လော်ကယ်ရထား လမ်းချော်တိမ်းစောင်း

ပုသိမ် မေ ၈

မေ ၅ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာအုပ်စု မကျီးချောင်ကျေးရွာအနီး ရထားလမ်းမိုင်တိုင်အမှတ် (၁၅၉/၉) နှင့် (၁၅၉/၁၀) အကြား ပုသိမ်မှ ဟင်္သာတသို့ ထွက်ခွာလာသော အမှတ် (၁၈၇) လူစီးလော်ကယ်ရထားသည် ဘီးချော်ပြီး ကုန်တွဲနှစ်တွဲ၊ ဘရိတ်တွဲ တစ်တွဲတို့မှာ သံလမ်းဘက်သို့ ၄၅ ဒီဂရီတိမ်းစောင်း၍ တွဲချော်ခဲ့ကြောင်းသိရသည်။ အဆိုပါ ရထားတွဲချော်မှုကြောင့် ဘရိတ်တွဲ၌ စီးနင်းလိုက်ပါလာသော ရေကြည်မြို့ သာယာကုန်းကျေးရွာနေ ဒေါ်အုန်းသန်း (၅၂)နှစ်(ဘ)ဦးဟန်တင်သည် ဝဲ/ယာလက်မောင်းများတွင် ပွန်းပဲ့ဒဏ်ရာများ ရရှိပြီး လေးမျက်နှာမြို့နယ် ခမောက်စုကျေးရွာနေ မသက်သက်မြင့် (၃၆)နှစ် (ဘ)ဦးတင်မြင့်မှာ ဦးခေါင်းဒဏ်ရာရရှိသွားကြသည်။ လမ်းချော်တိမ်းမှောက်သော ရထားတွဲများကို တာဝန်ရှိသူများက ပြန်လည်တည့်မတ်ခဲ့ကြောင်း သိရသည်။

(၅၅၂)

ချင်းတောင်တန်း နောက်ခံအလှဖြင့် ဤသို့ ပန်းရလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော သန်းဥချောက်ရေလှောင်တမံ

သန်းဥချောက်ရေလှောင်တမံ

- မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် နတ်ရဲကျေးရွာအနီး စံတောင်ရိုးမှ စီးဆင်းလာသော သန်းဥချောက်ရိုးကို ပိတ်၍ တည်ဆောက်ထားသည်။
- မြေသားတမံအမျိုးအစားဖြစ်သည်။
- သန်းဥချောက်ရေလှောင်တမံမှာ ရေဆင်းဧရိယာ ၂ စတုရန်းမိုင်ရှိ၍ နှစ်စဉ်ပျမ်းမျှမိုးရေချိန် လက်မ ၅၀ ရှိသည်။
- ရေလှောင်တမံ၏ အလျားမှာ ပေ ၁၀၀၀၊ အမြင့် ၄၅ ပေ ရှိသည်။
- ကန်ရေပြည့် ရေလှောင်ပမာဏ ၄၆၂ ဒသမ ၁၁ ဧကပေရှိသည်။
- ကုန်းမြင့်လယ်ယာ ၂၅၆ ဧကကို အကျိုးပြုသည်။
- သန်းဥချောက်ရေလှောင်တမံကြောင့် ဒေသတွင်း သီးနှံထုတ်လုပ်မှုတိုးတက်ပြီး တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ဂျပန်နိုင်ငံ၏ စက်မှုထုထောင်မှုနှင့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးမှု ဆွေးနွေးပွဲ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ အကျိုးရှိအောင် ထုတ်ယူသုံးစွဲနိုင်ပုံများ ဟောပြော

ရန်ကုန် ဧပြီ ၈

ဂျပန်နိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် International Business Development Department, Electric Power Development Co.,Ltd. တို့ ပူးပေါင်းကျင်းပသည့် Industrialization and Electric Power Development In Japan ဟောပြောဆွေးနွေးပွဲကို ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel Banquet Hall ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO၊ မြန်မာနိုင်ငံရှိ ဂျပန်အဖွဲ့အစည်းများဖြစ်ကြသည့် JICA, JETRO, JCCY တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဂျပန်နိုင်ငံ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဆိုင်ရာ ကုမ္ပဏီကြီးများမှ ပညာရှင်ကြီး ငါးဦးတို့က ဂျပန်နိုင်ငံ၏ ခေတ်အဆက်ဆက်လျှပ်စစ်ဓာတ်အားထုတ်ယူသည့် နည်းစနစ်များဖြစ်သည့် Hydropower၊ Thermal Power တို့မှ ထုတ်ယူသုံးစွဲနိုင်သည့် နည်းလမ်းများ၊ Renewable Energy အဖြစ် ထုတ်ယူသုံးစွဲနိုင်သည့် နည်းလမ်းများနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေဘဲ လူသားများအကျိုးရှိအောင် ထုတ်ယူသုံးစွဲနိုင်ပုံများကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၉-၄-၂၀၁၂ (တနင်္လာနေ့)

၇း၀၀ ပရိတ်တရားတော်
၈း၁၅ "စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်"
၈း၂၅ ခါသကြ်နအဆိုအကများ
၈း၄၀ International News
၄း၂၅ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၄း၅၅ ခါသကြ်နအဆိုအကများ
၅း၃၀ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၂၀ ဆိုကြမယ် ပျော်ကြမယ်
၇း၁၅ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချမ်းမြေ့ပျော်ရွှင်" (အပိုင်း-၁၉)**
၈း၀၀ ပြည်တွင်းသတင်း -ကမ္ဘာကျော်သရုပ်ဆောင်များ -အိန္ဒိယရုပ်ရှင် "ဝိညာဉ်ကလဲ့စား" (အပိုင်း-၁)

သင်္ကြန်အကြို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးပညာပေး

ရေစကြို ဧပြီ ၈

သင်္ကြန်ကာလများတွင် အပျော်လွန်ရာမှ ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလေ့ရှိရာ အဆိုပါ ယာဉ်မတော်တဆမှုများကြောင့် အများပြည်သူတို့မှာ ထိခိုက်သေဆုံး၊ ဒဏ်ရာရကြပြီး ဒုက္ခရောက်ကြရသည့်အတွက် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရေးနှင့် အန္တရာယ်ကင်းရှင်းရေး ကြိုတင်ကာကွယ်သောအားဖြင့် ရေစကြိုမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ဧပြီ ၇ ရက်မှစ၍ ယာဉ်လိုင်စင်စစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင်စစ်ဆေးခြင်း၊ ဆိုင်ကယ်ဦးထုပ်ဆောင်းရန် လမ်းညွှန်ခြင်း၊ မော်တော်ယာဉ်များ တန်ပိုတင်ဆောင်ခြင်းမပြုရန်နှင့် အရက်သေစာသောက်စား၍ ယာဉ်အမျိုးမျိုးမောင်းနှင်ခြင်းမပြုရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာမောင်းနှင်ကြရန် တာဝန်ရှိသူများက ပညာပေးစစ်ဆေးဆောင်ရွက်လျက်ရှိကြသည်။ **(ဝဲပုံ)**

(ဖေထွဏ်းဇော်-ရေစကြို)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

ဂျိန်းစ်ဘွန်းဇာတ်ကားသစ် မကြာမီရှုစားကြရတော့မည်

နာမည်ကျော် လူကြိုက်များသည့် ဂျိန်းစ်ဘွန်းဇာတ်ကားသစ် Skyfall ကိုလာမည့်လတွင် အကြိုဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

၂၃ ကားမြောက် ဂျိန်းစ်ဘွန်းဇာတ်ကားသစ်ကို အကြိုဖြန့်ချိပြသရန် Sony ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ယခုသီတင်းပတ် အစောပိုင်းတွင် လက်ခံရရှိထားပြီးဖြစ်ကြောင်း ဒေးလီးမေးလ်သတင်းစာက ရေးသားဖော်ပြသည်။

ဂျိန်းစ်ဘွန်းမင်းသား ဒန်နီ ရယ်လ်ခရိုက်။

ဂျိန်းစ်ဘွန်းဇာတ်ကားသစ် Skyfall ကို ဒါရိုက်တာ ဆမ်မန်ဒက်စ်က ရိုက်ကူးခဲ့ပြီး ဂရိမင်းသမီး တိုနီယာဆိုထရိုင်ယိုပေါ်လိုနှင့် ဂျိန်းစ်ဘွန်းမင်းသား ဒန်နီ ရယ်လ်ခရိုက်တို့က အဓိကခေါင်းဆောင် လှုပ်ရှားထားကာ ဒိန်းဂျူဒီဒန့်ချ်၊ ဂျာဗီယာဘာဒမ်၊ ဘီရီနိုက်စ်မာလိုဟီ၊ နာအိုမီ ဟာရစ်၊ ဘန်ဝစ်ရှောစသည့် ဇာတ်ပို့ဇာတ်ရံများက ပါဝင်အားဖြည့်ထားသည်။ ယင်းဇာတ်ကားကို အောက်တိုဘာ ၂၆ ရက်တွင် ဗြိတိန်နိုင်ငံနှင့် နိုဝင်ဘာ ၉ ရက်တွင် အမေရိကန်နိုင်ငံတို့တွင် စတင်ဖြန့်ချိပြသသွားမည်ဖြစ်သည်။

အသက် ၄၄ နှစ်ရှိ ဂျိန်းစ်ဘွန်းမင်းသား ဒန်နီရယ်လ်ခရိုက်က ၎င်း၏ တတိယမြောက် ဂျိန်းစ်ဘွန်း ဇာတ်ကားသစ် Skyfall မကြာမီဖြန့်ချိပြသတော့မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မိမိပြီးလျှင် နောက်ထပ် ဂျိန်းစ်ဘွန်းမင်းသားသစ် ထပ်မံပေါ်ပေါက်လာဦးမည်ကို ကောင်းစွာသိရှိထားသကဲ့သို့ ယခုဇာတ်ကားတွင်လည်း အကောင်းဆုံး ကြိုးစား သရုပ်ဆောင်ထားကြောင်း၊ ထုတ်လုပ်သူများက အလိုရှိနေသေးသရွေ့ ဂျိန်းစ်ဘွန်းမင်းသားအဖြစ် သရုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

အင်တာနက်။

အောဝမ်းစိုး

ရိုးရာမပျက် အေးချမ်းပျော်ရွှင် အတာသင်္ကြန်အကြိုကာလပြင်ဆင်

မကြာမီ မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်ကို ကူးပြောင်းရောက်ရှိတော့မည်။ ယခုနှစ်သည် မြန်မာနိုင်ငံတွင် ထူးခြားပြောင်းလဲမှုများနှင့် ကြုံတွေ့ခဲ့ရသည့်အပြင် မကြာမီရောက်ရှိတော့မည့် နှစ်သစ်တွင်လည်း ငြိမ်းချမ်းသာယာစွာဖြင့် ထူးခြားပြောင်းလဲမှုများကို တွေ့ကြုံကြရမည်ဟု ယုံကြည်နေကြသည်။ ရွှေဝါရောင် ပိတောက်ပန်းနှင့် ငုပန်းတို့၏အလှမှာကြည်လင်ရွှမ်းလက်သည့် ပန်းအလှား မြင် တွေ့ရတော့မည်။ ဒီမိုကရေစီခရီးလမ်းကိုဖြင့် လျှောက်လှမ်းကြရတော့မည်။ ကောင်းသော ပြောင်းလဲခြင်းများစွာကို မျှော်လင့်စောင့်ဆိုင်းနေကြသော မြန်မာပြည်သူ ပြည်သားများအတွက် နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကူးမည့် တပေါင်း တန်ခူးကာလသည် လှပနေသည်။ ထူးခြားလှပသည့် တန်ခူးလ မဟာသင်္ကြန်ကာလတွင် ယခင်နှစ်များနှင့်မတူစည်စည်ကားကား ကျင်းပသွားရန်လည်း ဆန္ဒပြင်းပြနေကြ၏။

ယခုနှစ်တွင် ယခင်နှစ်များကထက် ထူးခြားသည်မှာ မတ်လ ၂၃ ရက်မှ စတင်၍ မဏ္ဍပ်များ ဆောက်လုပ်နေကြခြင်းပင်။ ယခင်က ဧပြီလဆန်းပိုင်းနှင့် သင်္ကြန်ရက်နီးမှသာ မဏ္ဍပ်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ကြသော်လည်း ယခုနှစ်တွင် မတ်လကတည်းက ပြင်ဆင်နေကြသည်။ **(ယာပုံ)** မဏ္ဍပ်ကြီးများကို ကြိုတင်ဆောက်လုပ်၍ အထူးပရိုမိုးရှင်း အစီအစဉ်များကိုလည်း သူ့ထက်ငါ အပြိုင်အဆိုင် ပြုလုပ်ဆွဲဆောင်ကြသည်။ ယခုနှစ် တွင် ထူးခြားသည်မှာ သင်္ကြန် ငါးရက်ဖြစ်သောကြောင့် မဏ္ဍပ်ထိုင်သည့် စျေးနှုန်းများသည်လည်း ယခင်နှစ်များကထက် ပိုမိုများပြားနေသည်။ သင်္ကြန်ရေပက်ခံထွက်မည့် ကားငှားစျေးကွက်မှာလည်း စျေးနှုန်းများ မြင့်တက်လျက်ရှိသည်။ ဓာတ်ဆီ စျေးကြီးမြင့်ခြင်း၊ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှု အစီအစဉ်အရ ယာဉ်ဟောင်းများ ရှားပါးခြင်းတို့က ရန်ကုန် သင်္ကြန်တွင် ဂျစ်ကားများထက် လိုက်ထရပ်များကိုသာ ပိုမိုမြင်တွေ့ရဖွယ်ရှိနေသည်။ ပူပြင်းလွန်းသော ရာသီဥတုကြောင့်လည်း ရေပက်ခံထွက်မည့်သူများထက် မဏ္ဍပ်ထိုင်မည့်သူများက ပိုမိုများပြားသည်ဟု သိရသည်။

ရန်ကုန်မြို့တွင် မဏ္ဍပ်များ အများဆုံး တည်ရှိရာနေရာမှာ ကန်တော်ကြီး ကန်ပတ်လမ်း တစ်လျှောက်တွင်ဖြစ်သည်။ ယခင်က အင်းယားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းတွင် မဏ္ဍပ်အများအပြား တည်ရှိနေမှုသည် ကန်တော်ကြီးသို့ ရွှေ့လျားသွားခဲ့သည်။ ကန်တော်ကြီး ကန်ပတ်လမ်း တစ်လျှောက်တွင် မဏ္ဍပ်ပေါင်း အခု ၂၀ ခန့်အထိရှိသည်ဟု သိရသည်။ ထို့အပြင် ကမ္ဘာအေးဘုရားလမ်း၊ ပြည်လမ်း၊ ဆရာစံလမ်း၊ ဗိုလ်ချုပ်လမ်းစသည့် လမ်းမကြီးများတွင်လည်း မဏ္ဍပ်ကြီးများတည်ရှိကြသည်။ မြို့နယ်အလိုက် ရေပက်ကစားမည့် ရေကစားမဏ္ဍပ်များလည်းရှိနေသေးသည်။ ယခုနှစ်တွင် မဏ္ဍပ်ကြီးပေါင်း ၄၅ ခု ဆောက်လုပ်ခွင့်ပြုထားသည်ဟု သိရသည်။ ယခင်နှစ်က မဏ္ဍပ် ကြီးပေါင်း ၃၀ ကျော်သာရှိသဖြင့် ပိုမိုများပြားပြီး စည်ကားဖွယ်ရှိနေသည်။ ၂၀၁၀ ပြည့်နှစ်ကလည်း မဏ္ဍပ်ကြီးပေါင်း ၄၆ ခု ရှိခဲ့သည်။ သင်္ကြန်ကာလကို ပျော်ရွှင်စွာ ဖြတ်သန်းကြရာတွင် ဘေးဥပဒ်အန္တရာယ်များ မဖြစ်ပေါ်ရန်လည်း အရေးကြီးသည်။ အပျော်လွန်ပြီး သောက်စားမူးယစ်၊ ရန်ဖြစ်ပွားခြင်းများ ရှောင်ကြဉ်ကြ ရန်လိုအပ်ပြီး သင်္ကြန်ကာလတွင် ဖြစ်ပေါ်လေ့ရှိသည့် မတော်တဆယာဉ် အန္တရာယ်ဖြစ်စဉ်များကိုလည်း သတိပြုရန် လိုအပ်သည်။ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြရမည့် သင်္ကြန်ပွဲတော်တွင် အသက်အန္တရာယ် ထိခိုက်မိသည့် ဖြစ်စဉ်များ မကြုံတွေ့စေရန် လိုအပ်သည်။ ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်တွင် သင်္ကြန်ရက်များအတွင်း ယာဉ်မတော်တဆမှု ၂၁ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅ ဦးနှင့် ဒဏ်ရာရရှိသူ ၃၃ ဦးရှိခဲ့သည်။ ယင်းတွင် သွားလာရင်းဖြစ်ပွားမှုများ ပါဝင်သလို၊ သင်္ကြန်ရေပက်ကစားရင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများလည်း ပါဝင်နေသည်။ ၂၀၁၁ ခုနှစ် မဟာသင်္ကြန်ကာလတွင် ယာဉ်မတော်တဆမှုပေါင်း ၃၂ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅ ဦးနှင့် ဒဏ်ရာရရှိသူမှာ ၆၉ ဦးအထိ ရှိခဲ့သည်။ ဟိုယခင်နှစ်ကလည်း လှပသောနှစ်သစ်ကူး သင်္ကြန်ကာလတွင် အရုပ်ဆိုးအကျည်းတန်စွာ ပုံးပေါက်ကွဲမှုကြီး ဖြစ်ပေါ်ခဲ့သည့်အတွက် ခါးသီးသော သွေးစွန်းသည့် ဖြစ်ရပ်ကြီး ကြုံတွေ့ခဲ့ကြရသည်။ သို့အတွက်ကြောင့် အန္တရာယ်ကင်းကင်းဖြင့် အေးချမ်းစွာ ပျော်ရွှင်ဆင်နွှဲနိုင်ရန် မျှော်လင့်မိသည်။ မိမိ၏ ပျော်ရွှင်မှုသည် အခြားသူများကို အနှောင့်အယှက်မဖြစ်စေရန် အရေးကြီးသည်။ ဒီမိုကရေစီ ပြည့်ဝသည်ဖြစ်စေ၊ မပီပြင်သည်ဖြစ်စေ ဒီမိုကရေစီစံနှုန်းဆိုသည်ကို မည်သို့ သဘောပေါက် နားလည်ထားသည်ကို ပြသဖို့ လိုအပ်သည်။ လွတ်လပ်ပျော်ရွှင်မှုများရှိလာသော်လည်း စည်းမဲ့ကမ်းမဲ့ မင်းမဲ့စရိုက်ဆန်သည့် ပျော်ရွှင်ပြုမူမှုမျိုး မဖြစ်ပေါ်စေရန် ထိန်းသိမ်းရမည်။ တာဝန်ရှိသူများသာမက ပါဝင်ဆင်နွှဲကြသောသူများအားလုံးတွင် တာဝန်ရှိသည်။

နှစ်သစ်ကူး ပိတ်ရက်ရှည်နှင့်အတူ ပြည်တွင်းပြည်ပခရီးထွက်မည့်သူများ၊ တရားစခန်းဝင်မည့်သူများ၊ သာသနာ့ဘောင်သို့ ဝင်ရောက်ကြမည့်သူများ၊ ပျော်ရွှင်စွာဖြင့် ရေကစားကြ၊ ရေပက်ခံထွက်မည့်သူများအတွက် အခြားနိုင်ငံများက နှစ်သစ်ကူး ပိတ်ရက်များနှင့်မတူ ထူးခြားလှပနေသည့် မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်ကာလပင်ဖြစ်သည်။ ယခုနှစ်တွင် ထူးခြားသော နိုင်ငံရေးဖြစ်စဉ်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးတေးသံသာများနှင့်အတူ မြန်မာပြည်သူပြည်သားအားလုံး စိတ်နှလုံး ရွှင်လန်းလျက်ရှိကြပြီး မြန်မာ့ရိုးရာအတာရေသဘင်ပွဲကိုလည်း အေးချမ်းစွာဖြင့် ပျော်ရွှင်ဆင်နွှဲလိုကြသည်။ သင်္ကြန်ကာလ အဖြစ်ဆိုး၊ အတိတ်သမိုင်း၏ အရိပ်ဆိုး၊ ပုံရိပ်ဆိုးများကို မေ့ဖျောက်ပစ်ကာ အေးချမ်းစွာ နှစ်သစ်ကို ကြိုဆိုနိုင်ကြလိမ့်မည်ဟု မျှော်လင့်နေကြသည်။ အဘက်ဘက်မှ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်များ ဆင့်ကဲဆင့်ကဲဖြစ်တည်လာမှုနှင့်အတူ ရိုးရာမပျက်၊ သရုပ်မပျက်သည့် မြန်မာတို့၏ ချစ်စရာယဉ်ကျေးမှုသင်္ကြန်ကို ပုံဖော်နိုင်ရန် မြန်မာနိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်။ ခေတ်မီ၊ ခေတ်ဆန်နိုင်သော်လည်း ခေတ်မရိုင်းစေဖို့ လိုအပ်သည်။ ချစ်စရာ့ ရိုးရာလေးပျက်သွားမှာကိုတော့ စိုးထိတ်မိသည်။ ရိုးရာမပျက် အေးချမ်းသာယာစွာဖြင့် နှစ်သစ်ကူးအတာသင်္ကြန်ကို ဖြတ်သန်းနိုင်စေရန် ရည်သန်လျက်. . . .

(ဝဝ၁)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

နေပြည်တော်　　ဧပြီ　　၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားသည်။**(ယာပုံ)**

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးများက ဒေသအလိုက်လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဥပဓိရုပ်မကောင်းသည့် စာသင်ကျောင်းများပြုပြင်ရန် မိုင်းခတ်မြို့နယ် နောင်ဖူမူလတန်းကျောင်းအတွက် ငွေကျပ်သိန်း ၂၀၊ မိုင်းယန်းမြို့နယ် ပါမိုင်မူလတန်းကျောင်းအတွက် ငွေကျပ်သိန်း ၅၀၊ မိုင်းဆတ်မြို့နယ် မူလတန်းကျောင်းအတွက် ငွေကျပ်သိန်း ၅၀ တို့ကို တွဲဖက် ပြည်နယ်ပညာရေးမှူး ဦးခွန်စိန်မြင့်ထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၉-၄-၂၀၁၂ (တနင်္လာနေ့)

- ၅း၄၀ "(၃၂)ဖြာလက္ခဏာ" တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ)
- ၁၀း၄၀ စာပေမြတ်နိုးသူများအတွက် TAB Book centre
- ၁၁း၁၅ ရန်ကုန်မြင်ကွင်းကျယ် (Nivea Blue Planet Annual Dinner)
- ၁၂း၁၀ ပျော်ရွှင်ဆင်နွှဲ ပုသိမ် EXPO ပွဲ
- ၁၂း၂၅ Myanmar Cooking Master (ပွဲစဉ်-၁၁)
- ၃း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (ဇာတ်သိမ်းပိုင်း)**
- ၅း၀၅ Y talk International calling center & sales office ဖွင့်ပွဲအခမ်းအနား
- ၆း၁၅ Sunday Talk [မောင်လူမွေး(မြန်မာမှု)၊ မျိုးမြတ်သူ]
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၄၇)**
- ၇း၃၀ MRTV-4 မြန်မာ့ရိုးရာသကြင်္န်
- ၈း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၁၀ Showroom (part-1)
- ၉း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၁)**
- ၁၀း၅၅ Barclays Premier League (Aston Villa Vs Stoke)
- ၁၂း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၇)**
- ၁း၂၅ Barclays Premier League (Fulham Vs Chelsea)
- ၄း၁၀ ရောင်စုံပန်းတို့ အလှခြယ်ရာ. . . ကမ်းလင့်မေတ္တာဖေးကူပါ

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Spurs - Norwich	ESPN
၈း၂၅	Newcastle - Bolton	Star Sports
၁၀း၅၅	Aston Villa - Stoke	ESPN(MRTV-4)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	Fulham - Chelsea	ESPN(MRTV-4)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

သာသနာ့ဝန်ထမ်းသံဃာတော်များနှင့် သီလရှင်များပါ ဆေးကုသခွင့်ရစေရန် ဗာရာဏသီ ခြောက်ထပ်သံဃာ့ဆေးကုသဆောင်သစ်ဖွင့်

ရန်ကုန်　ဧပြီ　၈

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်) ဗာရာဏသီ ခြောက်ထပ် သံဃာ့ ဆေးကုသဆောင်သစ်ကြီး ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် သတ်မှတ်ရရှိတော့မည်ဖြစ်ကြောင်း ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) ဥက္ကဋ္ဌ ဦးမောင်မောင်ထံမှ သိရသည်။

ဗာရာဏသီ ခြောက်ထပ်သံဃာ့ဆေးကုသဆောင်သစ်ကြီး တွေ့ရစဉ်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ မြေနေရာပေါ်ရှိ ဇရပ်အဆောင်မှာ ၁၉၉၄ ခုနှစ်မှစတင် အခြေပြုခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအဖြစ် မှတ်ပုံတင်ပြုလုပ်ခဲ့ပြီး အလှူရှင်များ စိတ်ဝင်တစား လှူဒါန်းကြသည့် အကျိုးကြောင့် ယနေ့ ဗာရာဏသီ ခြောက်ထပ် သံဃာ့ဆေးရုံသစ်ကြီးကို တခမ်းတနားဖြင့် ဆက်လက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗာရာဏသီ ခြောက်ထပ်ဆေးကုသဆောင်သစ်ကြီး ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအရပ်ရပ်ရှိ သာသနာ့ဝန်ထမ်း သံဃာတော်များနှင့် သီလရှင်များပါ ဆေးကုသနိုင်ပြီဖြစ်သည်။ အဆိုပါ ဆေးရုံကြီးတွင် မျက်စိရောဂါ၊ နားရောဂါ၊ နှာခေါင်းရောဂါ၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ အဆုပ်ရောဂါ၊ အရိုးရောဂါ၊ အကြောရောဂါ၊ အစာအိမ်ရောဂါ၊ အသည်းရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ ကင်ဆာရောဂါ စသည့် ရောဂါပေါင်း ၁၉ မျိုးကို သမားတော်ဆရာဝန်ကြီးများ ၉၀ ကျော်နှင့် ဆေးရုံဝန်ထမ်းပေါင်း ၁၀၀ ကျော်တို့က ခေတ်မီဆေးရုံသုံး ပစ္စည်းများ ပြည့်စုံစွာဖြင့် ၂၄ နာရီ ပတ်လုံး ကုသနိုင်မည်ဖြစ်သည်။

ဗာရာဏသီ ခြောက်ထပ်သံဃာ့ဆေးကုသဆောင်သစ်ကြီးသည် ဆေးရုံခုတင်ပေါင်း ၂၀၀ အထိ ထည့်သွင်းတည်ဆောက်ထားသည့်အတွက် မူလဆေးရုံအဟောင်းမှ ခုတင်များကို ရွှေ့ပြောင်းပြီး ဆေးရုံသစ်တွင် ထားရှိသွားမည်ဖြစ်၍ လစ်လပ်ကျန်ရစ်သော အဆောင်များကို ပြင်ပဆေးကုသမှုဆိုင်ရာ ရုံးခန်းများ၊ သမားတော် နားနေဆောင်များ၊ ဆေးရုံ၏လိုအပ်ချက်များ၌ ပြန်လည်ပြုပြင်သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ဗာရာဏသီ ခြောက်ထပ်သံဃာ့ဆေးကုသဆောင်သစ်ကြီးတွင် ခေတ်မီ လူ ၁၅ ဦးစီး ဓာတ်လှေကား တစ်စင်း၊ ခြောက်ပေ ကျယ်သော ရိုးရိုးလှေကားများ ပူးတွဲတည်ဆောက်ထားခြင်းကြောင့် သာသနာ့ဝန်ထမ်း သံဃာတော်များနှင့် သီလရှင်များ စိတ်အေးချမ်းသာစွာ ဆေးကုသနိုင်တော့မည်ဖြစ်သည်။

ဗာရာဏသီ ဆေးကုသဆောင်၌ ကုသသော သံဃာတော်များနှင့် သီလရှင်များသည် ဆေးကုသခံယူနေချိန်အတွင်း ပြင်ပထောက်ပံ့မှုများ မလိုအပ်ဘဲ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ အုပ်ချုပ်မှုအပိုင်းမှ တာဝန်ရှိသူများက လိုအပ်သောဆေးဝါးနှင့် ဆွမ်း အစရှိသည့်အသုံးအဆောင်ပစ္စည်းမှန်သမျှကို လှူနာစောင့် သံဃာတော်နှင့် သီလရှင်များအတွက်ပါ ပံ့ပိုးကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဆေးရုံသစ်ကြီးကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ဧပြီ ၂ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ဗာရာဏသီ ခြောက်ထပ်သံဃာ့ဆေးကုသဆောင်သစ်ကြီးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး မြန်မာငွေကျပ် သိန်း ၈၆၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၅၆၅၀၀ အကုန်ကျခံ၍ အလှူရှင်များက မတည် တည်ဆောက်ခဲ့ကြောင်း သိရသည်။ ဆေးရုံကြီး၏ ဓာတ်လှေကားနှင့် အဝတ်လျှော်စက်များအတွက် အလှူရှင်များက အမေရိကန်ဒေါ်လာများကို စေတနာထက်သန်စွာဖြင့် ဖြည့်ဆည်းလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(ပွင့်ဦး-ရန်ကုန်)

မင်းကြီးမဟာမင်းခေါင်အနော်ရထာရွှေလုံ့ပိုလ်အုတ်ဂူ ရှေးဟောင်းသုတေသန (မန္တလေးဌာနခွဲ)မှ ပြုပြင်

မန္တလေး　　ဧပြီ　　၈

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက် အမှတ်(၁၃၅) ၈၇ လမ်းနှင့် ၁၈ လမ်းကြား၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားရှိ မင်းတုန်းမင်းလက်ထက် မြို့တော်ဝန်ကောလင်းမြို့စားမင်းကြီး မဟာမင်းခေါင်အနော်ရထာရွှေလုံ့ပိုလ်နှင့် ဆွေတော်မျိုးတော် အုတ်ဂူများသည် ပျက်စီးနေသဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ရေရှည်တည်တံ့ရေးအတွက် ချုံနွယ်များရှင်းလင်းပြီး ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းများကို မတ် ၂၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိသည်။**(အပေါ်ပုံ)**

မြို့တော်ဝန် ရွှေလုံ့ပိုလ်နှင့် ဆွေတော်မျိုးတော်အုတ်ဂူများသည် ၂၅ ပေအကျယ် မြေကွက်၌ ရှေးအစဉ်အဆက်ကပင်တည်ရှိခဲ့ကြောင်း အသက် (၈၀) အရွယ် ရပ်ကွက်နေ အဘိုးတစ်ဦးက ပြောသည်။ မြို့တော်ဝန် ရွှေလုံ့ပိုလ်အုတ်ဂူ၏ အနောက်ဘက်တွင် သားတော် ဦးခင်မောင်ဒွေးအုတ်ဂူနှင့် မြောက်ဘက်တွင် ကျောက်စာမပါသော ဂူငယ်တစ်လုံးကိုလည်း တွေ့ရသည်။ မြို့တော်ဝန် ရွှေလုံ့ပိုလ်အုတ်ဂူတွင် ကောလင်းမြို့စားမင်းကြီး မဟာမင်းခေါင်အနော်ရထာ ၁၂၀၅ ခုဖွား အသက် (၇၀)၊ ၁၂၇၄ ခု တပေါင်းလဆန်း ၁၀ ရက်တွင် ဘဝပြောင်းသည်ဟု ကျောက်စာ၌ ရေးထိုးထားသည်။ သားတော် ဦးခင်မောင်ဒွေး၏ အုတ်ဂူတွင်လည်း ကျောက်စာရေးထိုးထားကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန် စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(၄) ယာဉ်နံပါတ်ပြား မပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဝိုးတက်)မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတော်အလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) မော်တော်ဆိုင်ကယ်မဝင်ရ သတ်မှတ်ထားသော နယ်မြေအတွင်း မည်သည့် မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။
(၁၁) မော်တော်ဆိုင်ကယ်စီးနင်းလျှင် ဦးထုပ်ဆောင်းရမည်၊ မေးသိုင်းကြိုးတပ်ရမည်၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်းမပြုရ၊ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရ၊ ဟွန်းသံစုံတပ်ဆင်ခြင်း မပြုရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။**

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ(ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"**

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီမှ ချေးငွေပေးအပ်ပွဲကို မတ် ၃၀ ရက်က ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့် ရက်ကွက်နှင့်ကျေးရွာ ၄၅ အုပ်စုရှိ ငွေချေးအဖွဲ့ခေါင်းဆောင်များကို ငွေများထုတ်ပေးစဉ်။ (ခရမ်းစိုးမြင့်)

မန္တလေးတိုင်းဒေသကြီး၌ သရက်တိုးချဲ့စိုက်ပျိုး

မန္တလေး　ဧပြီ　၈

မြန်မာနိုင်ငံသည် သရက်၏ မူရင်းဒေသဖြစ်သကဲ့သို့ နိုင်ငံတစ်ဝန်း၌လည်း သရက်အမျိုးပေါင်း ၂၀၀ ကျော် စိုက်ပျိုးထားသည်။ ၂၀၁၀-၂၀၁၁ ခုနှစ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စာရင်းအရ တစ်နိုင်ငံလုံးတွင် သရက်စိုက်ဧက ၁၉၂၈၆၅ ခန့် ရှိသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာစာရင်းအရ သရက်တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ရခဲ့သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးသော သရက်မျိုးများမှ စိန်တလုံး၊ ရွှေဟင်္သာ၊ မြကျောက်၊ ရင်ကွဲ၊ မချစ်စုတို့မှာ နိုင်ငံခြားရောင်းတမ်းဝင်ပြီး ဈေးကောင်းရသော သရက်မျိုးများဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ တံတားဦး၊ အမရပူရ၊ ပျဉ်းမနား၊ လယ်ဝေး၊ နွားထိုးကြီး၊ မြင်းခြံ ဒေသများသည် သရက်ပွင့်မှုကို ဖြစ်စေသော ခြောက်သွေ့သည့်ရာသီဥတု မိုးရေချိန်ရှိသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း သရက်သီးဇုန်သတ်မှတ်ကာ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး စဉ့်ကိုင်မြို့နယ်၌ သရက်သီးထုပ်ပိုး စက်ရုံတည်ဆောက်ရန် ပြင်ဆင်လျက်ရှိသည်။ မျိုးကောင်းသရက်သီးထုပ်ပိုးကာ မန္တလေးမြို့ သစ်သီးပွဲရုံများမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ကုန်တင်ကားများဖြင့် တင်ပို့ကြကြောင်း သိရသည်။

(၆၅၃)

ဧပြီ ၈ ရက်က အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်က ကျင်းပသော နွေရာသီကာယဗလနှင့် ကာယအလှသင်တန်းဆင်းပွဲတွင် အကြီးတန်း နွေဧကရီ ကာယအလှမယ်ပြိုင်ပွဲ၌ ပထမဆုရရှိသော နေရည်ဝင်းလဲ့အား ဆုရရှိပြီး တွေ့ရစဉ်။ (အဖွဲ့ချုပ်)

ထူးခြားသည့် နေ့အပူချိန်

ချောက်
၄၁ ဒီဂရီစင်တီဂရိတ်
မင်းဘူး
၄၁ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

ပုသိမ်ကြီး	စစ်ကိုင်း
၂ ဒသမ ၇၈ လက်မ	၁ ဒသမ ၉ လက်မ
မန္တလေး	
၁ ဒသမ ၉၆ လက်မ	

ပြည်တွင်း ပြည်ပ အားကစားသတင်း ပြည်တွင်း ပြည်ပ အားကစားသတင်း

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက်ရွက်လှေပြိုင်ပွဲနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ကလပ် မြက်ခင်းပြင်၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအလိုက် ဆုရရှိကြသူများအား တစ်ဦးချင်းဆုဖလားနှင့် ဆုတံဆိပ်များကို ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက်ရွက်လှေပြိုင်ပွဲနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား တစ်ဦးချင်းဆုဖလားနှင့် ဆုတံဆိပ်များကို ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရက္ခပူရကို ဂိုးပြတ်သွင်းပြီး ကမ္ဘောဇ FC ရာသီဝက် ချန်ပီယံဖြစ်

ရန်ကုန် ဧပြီ ၈

MNL Myanmar 2012 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၁၃) တတိယနေ့ကို ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်း နိုင်ပွဲရရှိပြီး ရာသီဝက် ချန်ပီယံဖြစ်သွားသည်။

(သုဝဏ္ဏကွင်း)
ကမ္ဘောဇ-လေးဂိုး
(စိုးမင်းဦး-နှစ်ဂိုး။ နူနက်ဇ်နှင့် ကျော်ဇေယျာဝင်း-တစ်ဂိုးစီ)
ရက္ခပူရယူနိုက်တက်-တစ်ဂိုး
(အဲလက်စ်)

ယမန်နေ့က ယှဉ်ပြိုင်ခဲ့သောပွဲတွင် ရတနာပုံအသင်းက နှစ်ဂိုးပြတ်နိုင်ပွဲ ရရှိခဲ့သောကြောင့် ကမ္ဘောဇအနေဖြင့် သုံးဂိုးနှင့်အထက် အနိုင်ရရှိမှသာ ရာသီဝက်ချန်ပီယံဖြစ်မည်ဖြစ်ရာ လိုချင်သည့် ရလဒ်အတိုင်း ကစားနိုင်ခဲ့သည်။

ကမ္ဘောဇအတွက် ပထမဂိုးကို စိုးမင်းဦး သွင်းယူလိုက်စဉ်။

ကမ္ဘောဇအသင်းနှင့် ရတနာပုံအသင်းမှာ ရမှတ် ၂၈ မှတ်စီ တူသော်လည်း ကမ္ဘောဇက ဂိုးကွာခြားချက်အသာရကာ ရာသီဝက် ချန်ပီယံဖြစ်သွားခြင်းဖြစ်သည်။ ထိပ်ဆုံး နေရာအတွက် အရေးပါသော ပွဲဖြစ်သောကြောင့် ကမ္ဘောဇ လူစုံထုတ်ကစားခဲ့ပြီး ၁၈မိနစ်တွင် စိုးမင်းဦးက ခေါင်းတိုက်ပြီး ပထမဂိုး၊ ၂၄ မိနစ်တွင် နူနက်ဇ်က ပြစ်ဒဏ်ဘောမှ တစ်ဆင့် ဒုတိယဂိုးတို့ကို သွင်းယူခဲ့သည်။ မိနစ် ၅၀ တွင် ကျော်ဇေယျာဝင်းက တတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ သို့သော် ၈၂ မိနစ်တွင် အဲလက်စ်က ရက္ခပူရအတွက် ချေပဂိုး တစ်ဂိုး ပြန်သွင်းခဲ့ရာ ကမ္ဘောဇအသင်း နောက်ထပ်ဂိုးရရန် ရှုန်းကန်ခဲ့ရသည်။ နှစ်မိနစ်အကြာတွင် စိုးမင်းဦးက စတုတ္ထဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ကမ္ဘောဇအသင်း ရာသီဝက်ချန်ပီယံဖြစ်သွားခြင်း ဖြစ်သည်။

ကမ္ဘောဇအသင်း ဥက္ကဋ္ဌ ဦးမိုးဆန်းအောင်။

ကမ္ဘောဇအသင်း ဥက္ကဋ္ဌ ဦးမိုးဆန်းအောင်က "ရာသီဝက်ချန်ပီယံ ဖြစ်ခဲ့လို့ ကျေနပ်ပါတယ်။ ဒါပေမယ့် နောက်တစ်ကျော့ကစားဖို့ ကျန်သေးပြီး ချန်ပီယံ ဖြစ်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ပထမအကျော့ပြီးရင် ဟံသာဝတီ နည်းပြဟောင်း ဆီဗာဂျီနဲ့ ရန်ကုန်တိုက်စစ်မှူးဟောင်း ချာလက်စ်အိုဘီ တို့ကို ခေါ်ယူထားပါတယ်" ဟု ပြောကြားခဲ့သည်။

အောင်ဆန်းကွင်းတွင် မနောမြေနှင့် ဟံသာဝတီတို့ ဂိုးမရှိ သရေကျသွားသည်။

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

အဒီဘာယော ပြောင်းရွှေ့မှု အာမခံချက်မရှိဟု ရက်နက်ဆို

လန်ဒန် ဧပြီ ၈

တော့တင်ဟမ်ဟော့စပါးအသင်းက အီမန်နျူရယ် အဒီဘာယောအား အမြဲတမ်း စာချုပ်ချုပ်ဆိုမည်ဆိုသည်မှာ အာမခံချက်မရှိကြောင်း စပါးအသင်း နည်းပြ ဟယ်ရီရက်နက်က ဝန်ခံပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် အဒီဘာယောမှာ မန်စီးတီးအသင်းမှ စပါးအသင်းသို့ ဘောလုံးရာသီတစ်လျှောက်လုံး အငှားစာချုပ်ဖြင့် လာရောက်ကစားနေသူ ဖြစ်ပြီး နှစ်သင်းစလုံးကလည်း အဒီဘာယော၏ ပြောင်းရွှေ့မှုနှင့် ပတ်သက်၍ သဘောတူညီချက်ရရှိထားကြောင်း ဆိုသည်။

အဒီဘာယောသည် ယခုနှစ်ဘောလုံးရာသီတွင် ပွဲက်ဟတ်လိန်းကလပ်အတွက် ၁၄ ဂိုး သွင်းယူပေးထားသူဖြစ်ပြီး လန်ဒန်တွင်သာ ဆက်လက်နေလိုသည့် ဆန္ဒပြင်းပြနေသည်ဟုလည်း ဆိုသည်။ သို့သော် စပါးအသင်းက စာချုပ်ချုပ်ဆိုမည်ဆိုသည့် သတင်းများအပြင် မန်စီးတီးအသင်းကလည်း ပေါင် ၁၇၀၀၀၀ ဖြင့် ဈေးသတ်မှတ်ခေါ်ယူရန် ဆန္ဒများရှိနေခြင်းကြောင့် အဒီဘာယော၏ အပြောင်းအရွှေ့မှာ သံသယရှိဖွယ်ဖြစ်လာနိုင်ကြောင်း ရက်နက်က ပြောကြားခဲ့သည်။

စပါးအသင်းဥက္ကဋ္ဌက ယခုနှစ်ဘောလုံးရာသီကုန်တွင် ၎င်းအား စာချုပ်ချုပ်ဆိုမည်ဟု ဆိုလိုက်သဖြင့် အဒီဘာယော စာချုပ်အောင်မြင်သည်၊ မအောင်မြင်သည်ဆိုသည်မှာ ပဟေဠိဆန်သည့် ပုစ္ဆာဖြစ်လာမည်မဟုတ်ကြောင်း ရက်နက်ကဆိုသည်။ အဒီဘာယောမှာ ပြီးခဲ့သည့် သီတင်းပတ်ဆွမ်ဆီးနှင့်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြကစားခဲ့ကြောင်း၊ ၎င်း၏ အနာဂတ်မှာ မမြင်နိုင်ပေမယ့် အပြောင်းအရွှေ့တစ်ရပ်လုပ်ဆောင်ရန် လိုအပ်လာပြီဖြစ်ကြောင်း၊ သို့သော် မိမိအနေဖြင့် စောင့်ကြည့်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း စပါးနည်းပြ ရက်နက်က ဆိုသည်။ ***အင်တာနက်။***

စပါးနည်းပြ ဟယ်ရီရက်နက်နှင့် တိုက်စစ်မှူး အဒီဘာယော။

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် (၃၂) အနိုင်/အရှုံးရလဒ်			
၈ - ၄ - ၂၀၁၂			
အာဆင်နယ်	၁ - ၀	မန်စီးတီး	
အာတီတာ (၈၇မိနစ်)			

ယာဉ်ကြောလုမောင်းရာမှ ယာဉ်တိုက်မှုဖြစ်

မြင်းမူ ဧပြီ ၈

မြင်းမူမြို့နယ် ဝမ်းပြည့်ရွာနှင့် အလ္လကပ္ပရွာအကြား မြင်းမူ-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၅၂/၀)နှင့် (၅၂/၁)အကြား မုံရွာဘက်မှ ယာဉ်မောင်း ဦးထွန်းထွန်း မောင်းနှင်လာသည့် ယူဒီကောင်တာအစိမ်းနုရောင် ယာဉ်အမှတ် (၉ခ/....)နှင့် မန္တလေးမှ မုံရွာသို့ မျိုးဇော်လင်း မောင်းနှင်လာသည့် ကင်ဒါ အမျိုးအစား ဖြူစိမ်းရောင် ယာဉ်အမှတ် (၈က/....)ယာဉ်တို့ ဧပြီ ၇ ရက်က ယာဉ်ကြောလုမောင်းနှင်ရာမှ မျက်နှာချင်းဆိုင်တိုက်မိကြပြီး ကင်ဒါယာဉ်ပေါ်ပါ ယာဉ်မောင်းမျိုးဇော်လင်း၊ ယာဉ်နောက်လိုက် ရဲဇော်ဝင်းနှင့် ခရီးကြုံလိုက်လာသူ ဦးကျော်ဌေးတို့ ဒဏ်ရာများရရှိပြီး ယူဒီကောင်တာယာဉ်၏ ရှေ့ခေါင်းပိုင်း ပိန်ချိုင့်၊ လေကာမှန်ကွဲ၊ ကင်ဒါယာဉ်၏ ရှေ့ခေါင်းပိုင်းတွန့်လိမ်ပျက်စီးသွားသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လူထိခိုက်ဒဏ်ရာရသည်အထိ ယာဉ်မဆင်မခြင်မောင်းနှင်ကြသူ ယာဉ်မောင်း ဦးထွန်းထွန်း ထွက်ပြေးတိမ်းရှောင် (စုံစမ်းဆဲ) နှင့် ယာဉ်မောင်းမျိုးဇော်လင်း (၃၈)နှစ်တို့အား မြင်းမူရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၂၄)

ယ နေ့ ဖတ် စ ရာ မှတ် စ ရာ

ရှုံးတာက ပြည်သူပါ

သတင်းစာနှင့် ဂျာနယ်အချို့တွင် တစ်နှစ်တစ်ခါ ဖတ်နေရသော သတင်းတစ်ပုဒ်ကို သတိရမိပါသည်။ ဘုရားစေတီများတွင် မော်တော်ကားအပ်နှံခြင်း၊ စက်ဘီး၊ ဆိုင်ကယ်အပ်နှံခြင်း၊ အုန်းပွဲ၊ ငှက်ပျောပွဲမှစ၍ သန့်စင်ခန်း၊ ဓာတ်ပုံဆိုင်နှင့် ညောင်ရေအိုး၊ ပန်းနှင့် ဖယောင်းအပါအဝင် လုပ်ငန်း လုပ်ပိုင်ခွင့်အတွက် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာတွင် အလှူငွေမည်မျှရရှိသွားကြောင်းကို ဖတ်ရှုရခြင်း ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ယခုနှစ်အတွက် ရရှိသောအလှူငွေသည် ယခင်နှစ်များကထက် အဆပေါင်းများစွာ ပိုမိုများသည်ဟူသော သတင်းဖြစ်ပါသည်။

လမ်းများ၊ တံတား ဖြတ်သန်းအသုံးပြုခများ လေလံတွင်လည်းကောင်း၊ စည်ပင်သာယာဈေးအသီးသီးရှိ ဝက်သား၊ အမဲသား၊ ကြက်သားစသည့် အသားထုတ်လုပ်ခွင့် လေလံများတွင်လည်းကောင်း တစ်နှစ်ထက်တစ်နှစ် မြင့်သထက်မြင့်သော ဈေးနှုန်းများဖြင့် တံခွန်ထူလျက်ရှိပါသည်။

ယင်းသတင်းများကို ဖတ်ရှုရပြီးနောက် ခပ်တိုတိုတွေးလျှင် ဘုရားအလှူတော်ငွေတွေ အလွန်များပြားစွာရသဖြင့် ကောင်းသည်ဟု မှတ်ယူရန်ဖြစ်ပါသည်။ စည်ပင်သာယာလည်း အိုကေသည်ဟု မှတ်ယူရန်ဖြစ်ပါသည်။ စေ့စေ့တွေးလျှင်မူ "မကောင်းပါ" ဟူသော အဖြေထွက်ပါသည်။ အဘယ်ကြောင့်ဟူမူ လုပ်ပိုင်ခွင့်ရရှိသူသည် ဈေးပြိုင်စနစ်တွင် ပိုမိုပေးသွင်းလိုက်ရသော ငွေကြေးအတွက် ယခင်နှစ်က ဈေးနှုန်းကို ပယ်ဖျက်လိုက်ပြီးဖြစ်ပါသည်။ **ပိုမိုပေးသွင်းလိုက်ရသော ငွေကြေးအတွက် စားသုံးသူများအပေါ်တွင် ဈေးတင်၍ ကောက်ခံရန် အသင့်ဖြစ်နေပြီဖြစ်ပါသည်။** စီးပွားရေးသမားက အရှုံးခံ၍ ဝန်ဆောင်မှုပေးကြမည်မဟုတ်ပါ။ ဘယ်သူဘာဖြစ်ဖြစ် မိမိအမြတ်အစွန်းရရှိဖို့သာ အရေးကြီးကြသူများ ဖြစ်ကြပါသည်။

ယခင်နှစ်က ဖြစ်ပါသည်။ အောက်မြန်မာပြည်တွင် အစည်ကားဆုံးဖြစ်သော ပဲခူးရွှေမော်ဓောဘုရားပွဲတော် ဇာတ်ရုံနေရာကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ သမိုင်းတစ်လျှောက် မကြုံစဖူးသော အလွန်မြင့်မားသည့်ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပါသည်။ နှစ်စဉ်ကပြမြဲဖြစ်သော ရွှေမန်းမြို့သားဖိုးချစ်အဖွဲ့သည်ပင်လျှင် နောက်ဆုတ်သွားခဲ့ပါသည်။ လေလံအောင်သွားသော ဇာတ်အဖွဲ့များအနက် ဇာတ်တစ်ဇာတ်မှအပ ကျန်အဖွဲ့များအားလုံး ခွက်ခွက်လန်အောင် အရှုံးပေါ်သွားခဲ့ကြပါသည်။ ယခုနှစ်လည်း ပွဲတော်ဇာတ်ရုံမြေနေရာများ ရောင်းချပါမည်။ မခံချင်စိတ်ဖြင့် ဈေးပြိုင်တွင် ငွေကြေးနှုန်းထားမြှင့်ပေးပြီးနောက် ရုံဝင်ခ၊ ဖျာခ၊ ကုလားထိုင်ခများ တိုးမြှင့်သတ်မှတ်သည့်တိုင် အရှုံးပေါ်ခဲ့ကြသည်များကို သင်ခန်းစာယူသင့်ကြပါသည်။

ဤနေရာတွင် ပိုမိုတိုးမြှင့်ရရှိသော ငွေကြေးကို မိမိဘက်မှကြည့်လျှင် **မြတ်**သည်ဟု ထင်စရာရှိပါသည်။ စားသုံးသူ ပြည်သူများဘက်မှ ကြည့်လျှင်မူ အရှုံးမခံနိုင်သော လေလံရသူတို့၏ တိုးမြှင့်သတ်မှတ်သော အဖိုးအခကို **ခါးစည်း၍ ခံကြရ**ပါသည်။ အမှန်တကယ် ရှုံးသူမှာ စားသုံးသူပြည်သူများဖြစ်ကြပါသည်။

ကျိုက်ထီးရိုးဘုရားကုန်းတော်ပေါ်တွင် ချိုးရေကိုမဆိုထားဘိ၊ မျက်နှာသစ်ရန်လည်းကောင်း၊ သောက်ရေသုံးရေတစ်ခွက်သည်လည်းကောင်း မည်မျှတန်ဖိုးကြီးကြီးပေး၍ ဘုရားဖူးပြည်သူများက သုံးစွဲနေရကြောင်း အားလုံးသိရှိကြပါသည်။

အလွန်ရှေးကျသောကာလက ကြားနာမှတ်သားဖူးလိုက်သော သတင်းစကားတစ်ခုရှိပါသည်။ ယခုလည်း ရှိကောင်းရှိပါမည်။ စစ်ဆေးကြပ်မတ်မှုတော့ လိုကောင်းလိုပါလိမ့်မည်။ ကြားဖူးသောသတင်းမှာ "**သက်ဆိုင်ရာအခွင့်အာဏာရှိသူတို့က ရောင်းကုန်ပစ္စည်း (သို့မဟုတ်) အသုံးပြုသောပစ္စည်းအတွက် ငွေကြေးတန်ဖိုး နှုန်းထားသတ်မှတ်ခြင်းဖြစ်ပါသည်။**" ဥပမာ ကြက်သားတစ်ပိဿာလျှင် ၃၀၀၀ိ/ ကျပ်ထက် ပိုမရောင်းရ။ ဝက်သား၊ အမဲသား စသည်တို့ကိုလည်း ရောင်းချရန် ဈေးနှုန်းသတ်မှတ်ပေးခြင်းဖြစ်ပါသည်။ လေလံဆွဲဝယ်ယူသူတစ်ဦး အနေဖြင့် မနိုင်ဝန်ကိုမထမ်းစေရန်နှင့် စားသုံးသူပြည်သူများ၏ မျက်နှာကို စာနာထောက်ထားခြင်းဖြစ်ပါသည်။ လမ်းတံတားအသုံးပြုခကောက်ခံရာတွင်လည်း သတ်မှတ်ချက်ရှိစေကာမူ အချို့လိုက်နာခြင်းမရှိ၍ ခရီးသွားပြည်သူများပင် ခံစားနေကြရရာ **စားသုံးသူပြည်သူအများ၏ မျက်နှာကို ထောက်ထားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။**

စိန်လှိုင်ဗိုလ်

GSM တာဝါတိုင်တည်ဆောက် ဆက်သွယ်ရေး မြင့်မားလာ

ရေစကြို ဧပြီ ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရေစကြိုမြို့နယ်အတွင်း ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများ ပိုမို လွယ်ကူလျင်မြန်စွာ လုပ်ဆောင်လာနိုင်သည်နှင့်အမျှ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး တစ်ဖက်တစ်လမ်းမှ အကျိုးပြုနိုင်ရေး GSM မိုဘိုင်းဖုန်းများ အချိန်အခါရာသီ မရွေး အသံကြည်လင် ပြတ်သားစွာ ပြောဆိုနိုင်ရေး တာဝါတိုင် (၈) တိုင် တည်ဆောက်လျက်ရှိရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ရုံးချုပ်)မှ တာဝန်ခံ အင်ဂျင်နီယာ ဦးပြည့်စုံအောင်နှင့် အဖွဲ့ ရေစကြိုမြို့ ရုံးပေါင်းစုံ အတွင်း တာဝါတိုင် တည်ဆောက်နေမှုကို ဧပြီ ၃ ရက်က တွေ့မြင်ခဲ့ရသည်။ **(ဝဲပုံ)**

(၃၇၄)

၂၃၀ ကေဗွီ ရွှေစာရံ - မြောက်ပြင် မဟာဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ ၂၀၀ အမ်ဗွီအေ မြောက်ပြင်ပင်မဓာတ်အားခွဲရုံ ဖွင့်

နေပြည်တော် ဧပြီ ၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၃၀ ကေဗွီ ရွှေစာရံ-မြောက်ပြင် မဟာဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ ၂၀၀ အမ်ဗွီအေ မြောက်ပြင်ပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် မြောက်ပြင်ပင်မဓာတ်အားခွဲရုံဝင်းအတွင်း၌ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှာစကားပြောကြားရာ၌ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု အခြေအနေပေါ်မူတည်ပါကြောင်း၊ မြန်မာနိုင်ငံ၌ လက်ရှိအသုံးပြုနေသော လျှပ်စစ်ဓာတ်အားများကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ၇၂ ရာခိုင်နှုန်း၊ ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ၇ ဒသမ ၇ ရာခိုင်နှုန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ၂၀ ရာခိုင်နှုန်း၊ အခြားနည်းများဖြင့် သုည ဒသမ ၃ ရာခိုင်နှုန်း ဓာတ်အားထုတ်ပေးလျက်ရှိပါကြောင်း၊ မန္တလေးမြို့ ဓာတ်အားဖြန့်ဖြူးမှုနှင့် ပတ်သက်၍ လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်က ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း လောပိတ ရေအားလျှပ်စစ်စက်ရုံနှင့်အတူ တည်ဆောက်ခဲ့သော ၁၃၂ ကေဗွီ တံခွန်တိုင်ပင်မ ဓာတ်အားခွဲရုံ တပ်ဆင်အင်အား ၁၈ အမ်ဗွီအေဖြင့် ၁၉၆၃ ခုနှစ်မှ စတင်၍ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း။

မန္တလေးမြို့သည် ရန်ကုန်မြို့ပြီးလျှင် ဒုတိယ လူနေအထူထပ်ဆုံးမြို့ဖြစ်ပြီး စက်မှုဇုန်နှင့် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်လာခြင်းနှင့် ပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် ဓာတ်အားသုံးစွဲမှုများ ပိုမိုလာကာ မန္တလေးမြို့နှင့် ပတ်ဝန်းကျင်ဒေသများ၏ ဓာတ်အားသုံးစွဲမှုမှာ ၁၅၀ မဂ္ဂါဝပ်ခန့် ရှိလာပြီဖြစ်ကြောင်း၊ ဓာတ်အားသုံးစွဲမှုနှုန်း လျင်မြန်စွာ တိုးတက်လာသည့် မန္တလေးတိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တပ်ဆင်အင်အား ၂၀၀ အမ်ဗွီအေရှိ မြောက်ပြင်ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ရွှေစာရံ-မြောက်ပြင် မဟာဓာတ်အားလိုင်း ၁၆ မိုင်ကို တည်ဆောက်ခဲ့ပါကြောင်း။

တည်ဆောက်ပြီးစီးခဲ့သည့် မြောက်ပြင်ပင်မဓာတ်အားခွဲရုံအတွက် ပစ္စည်းတန်ဖိုး ယူရိုငွေ ၅ ဒသမ ၈၅ သန်းနှင့် တည်ဆောက်မှုကုန်ကျစရိတ်မှာ ငွေကျပ်သန်းပေါင်း ၃၁၆၂ သန်းကျော် ကုန်ကျခဲ့ပါကြောင်း၊ မြောက်ပြင်ပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းဖြင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှာ ဗို့အားပြည့်မီစွာဖြင့် ဓာတ်အား ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍**

အရန်ဆန်ထားရှိရေး နွေစပါးဝယ်ယူမည်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံ အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီက နွေစပါးဝယ်ယူမည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော် အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကိုယ်စားလှယ်များထံတွင် ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀ နှုန်းဖြင့် တောင်သူများက တိုက်ရိုက်ရောင်းချနိုင်သည်။ အရည်အသွေး၊ အစိုဓာတ်၊ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ သတ်မှတ်ချက်များကို နိုင်ငံတော် အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီက ရောင်းသူ၊ ဝယ်သူနှစ်ဖက်မနစ်နာစေရန် သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။

မြို့နယ်များရှိ ကိုယ်စားလှယ်များသည် အရောင်းအဝယ်စာချုပ် **စာမျက်နှာ ၃ ကော်လံ ၅ သို့ ❒**

အချပ်ပို လေးမျက်နှာပါရှိ

လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲရရှိမှု အခြေအနေ (၁-၄-၂၀၁၂) အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

လိုင်ယွန်နယ်မက်ဆီ၏ နောက်ထပ် ကမ္ဘာ့စံချိန်သစ် ဘောလုံးတစ်ရာသီအတွင်း သွင်းဂိုး ၆၀ ဖြင့် စံချိန်တင်

နှစ်ပေါင်း ၄၀ နီးနီးကာလအတွင်း ဘောလုံးရာသီတစ်ခုတည်းတွင် ဂိုး ၆၀ သွင်းယူနိုင်ခဲ့ခြင်းဖြင့် စပိန်လာလီဂါကလပ်ဘာစီလိုနာ၏ ရှေ့တန်းတိုက်စစ်မှူး လိုင်ယွန်နယ်မက်ဆီသည် ဥရောပ၏ ထိပ်တန်းဘောလုံးအားကစားသမားတစ်ဦးအဖြစ် နောက်ထပ်ကမ္ဘာ့စံချိန်တစ်ခုစိုက်ထူလိုက်ပြီဖြစ်သည်။

စနေနေ့က ကျင်းပသည့် စပိန်လာလီဂါပွဲစဉ်တွင် ဘာစီလိုနာက ရေးယဲလ်ဇာရာဂိုဇာကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ အာဂျင်တီးနားတိုက်စစ် ကစားသမား မက်ဆီ၏ သွင်းဂိုး နှစ်ဂိုးပါဝင်ခဲ့ပြီး ဇယားထိပ်မှ ရီးယဲလ်မက်ဒရစ်နှင့် သုံးမှတ်အကွာသို့ တက်လှမ်းသွားနိုင်ခဲ့သည်။

ဘောလုံး သမိုင်းတစ်လျှောက် တစ်ရာသီအတွင်း သွင်းဂိုးအများဆုံးအဖြစ် ၁၉၇၂-၇၃ ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်မှ ဂျာမန် ဘောလုံးအကျော်အမော် ဂဒ်မူလာက ဂိုးပေါင်း ၆၇ ဂိုးသွင်းပြီး စံချိန်တင်ထားခဲ့ရာ ယခု နှစ်ပေါင်း ၄၀ ခန့်ကြာပြီးမှသာ မက်ဆီက ခုနစ်ဂိုးအကွာဖြင့် ဒုတိယနေရာတွင် စံချိန်တင်လာနိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ယခုနှစ်ဘောလုံးရာသီတွင် လာလီဂါ၌ ၃၈ ဂိုး သွင်းယူခဲ့ပြီး ချန်ပီယံလိဂ်တွင် ၁၄ ဂိုး၊ ကိုပါဖလားတွင် နှစ်ဂိုး၊ စပိန်စူပါကပ်တွင် သုံးဂိုး၊ ဥရောပစူပါကပ်တွင် တစ်ဂိုး၊ ကလပ်များကမ္ဘာ့ဖလားတွင် နှစ်ဂိုးသွင်းယူခဲ့ရာ ပြိုင်ဘက် ရီးယဲလ်မက်ဒရစ် ရှေ့တန်းတိုက်စစ်မှူး ခရစ္စတီးယာနိုရော်နယ်ဒိုထက် ၁၁ ဂိုး ပိုမိုသွင်းယူနိုင်ခဲ့သည်။

ချန်ပီယံဖြစ်ရန်အလားအလာကောင်းသွားသည့် မန်ယူ

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ် ၃၂ အဖြစ် မန်ချက်စတာယူနိုက်တက်နှင့် ကျူပီအာအသင်းတို့ အိုးထရက်ဖို့ဒ်ကွင်း၌ ယနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ချက်စတာယူနိုက်တက်က ကျူပီအာအသင်းကို နှစ်ဂိုးအပြတ်အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

မန်ချက်စတာယူနိုက်တက်သည် ပွဲစကတည်းက ကျူပီအာအသင်းကို တစ်ဖက်သတ် တိုက်စစ်ဆင်ခဲ့ရာ ဝိန်းရွန်နီ၏ ဖရီးကစ်များက ကျူပီအာဂိုးကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ပထမပိုင်း ၁၄ မိနစ်တွင် ဂိုးဧရိယာအတွင်း ရှောင်ဒယ်ရီက အက်ရှ်လေယန်းကိုဖျက်မှုမှာ ကြမ်းတမ်းသည့်အတွက် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံရပြီး မန်ယူတို့ ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ရွန်နီက ကန်သွင်းပြီး ဦးဆောင်ဂိုးကို ရရှိစေခဲ့သည်။ ၂၁ မိနစ်တွင် ကျူပီအာမှ အန်တန်ဖာဒီနန် ဂိုးဧရိယာထိပ်မှ ကန်သွင်းရာမှာ ဂိုးဝင်လုဆဲဆဲတွင် မန်ယူဂိုးသမားဒီဂီယာ ကာကွယ်နိုင်ခဲ့သည်။ ၂၃ မိနစ်တွင် ရွန်နီ ကန်တင်ပေးသည့် ဘောလုံးကို အက်ရှ်လေယန်း ခေါင်းတိုက်ခွင့်ရခဲ့သော်လည်း ဂိုးပေါက်လွဲချော်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မန်ယူက ပွဲကို ဆက်လက်ဦးဆောင်နေပြီး ၆၈ မိနစ်တွင် **စာမျက်နှာ ၃ ကော်လံ ၅ သို့ ◆**

လီဒါဟေး သရုပ်ဆောင်ထားသည့် တရုတ်ရုပ်သံဇာတ်လမ်းတွဲ ထုတ်လွှင့်မည်

ကိုရီးယားမင်းသမီး လီဒါဟေးသရုပ်ဆောင်ထားသည့် တရုတ်ရုပ်သံဇာတ်လမ်းတွဲကို တရုတ်နိုင်ငံ၌ ဩဂုတ်လတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ကိုရီးယားသရုပ်ဆောင်လောကမှ နာမည်ကျော်ထိပ်တန်းစာရင်းဝင်မင်းသမီး လီဒါဟေး၏ The Secret to Love အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲသစ်ကို ဩဂုတ်လတွင် တရုတ်နိုင်ငံ၏ ယူနန်ရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း လီဒါဟေး၏ အနုပညာရေးရာအေဂျင်စီ Foster Entertainment မှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

မိမိတို့အနေဖြင့် အဆိုပါရုပ်သံဇာတ်လမ်းတွဲကို တရုတ်နိုင်ငံ၏ အခြားနာမည်ကျော် ရုပ်သံလိုင်းများဖြစ်သည့် CCTV ကဲ့သို့သော ရုပ်သံလိုင်းများတွင်လည်း ထုတ်လွှင့်ပြသသွားရန် စီစဉ်သွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

The Secret to Love ရုပ်သံဇာတ်လမ်းတွဲတွင် မင်းသမီးလီဒါဟေးသည် နာမည်ကျော် တရုတ်မင်းသား ဂျိုးချန်နှင့်တွဲဖက်၍ ဒင်ဆမ်းစားသောက်ဆိုင်မှ အောင်မြင်လာသော စားဖိုမှူးတစ်ဦးအဖြစ် သရုပ်ဆောင်ထားသည်။

မင်းသမီးလီဒါဟေးသည် ကိုရီးယားသရုပ်ဆောင်လောကသို့ ၂၀၀၁ ခုနှစ်မှ စတင်ဝင်ရောက်လာသူဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် အက်စ်ဘီအက်စ် ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သည့် နာမည်ကျော်လူကြိုက်များသော My Girl ရုပ်သံဇာတ်လမ်းတွဲမှစ၍ ကိုရီးယားနှင့် အာရှတစ်လွှားတွင် လူသိများ ရေပန်းစားလာသည့် ကိုရီးယားကြယ်တစ်ပွင့် ဖြစ်လာခဲ့သည်။

လီဒါဟေး၏ အခြားနာမည်ကျော် ရုပ်သံဇာတ်လမ်းတွဲများမှာ ကေဘီအက်စ် ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော The Slave Hunters၊ အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော Miss Ripley ရုပ်သံဇာတ်လမ်းတွဲတို့ ဖြစ်သည်။

အင်တာနက်။

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၁၊၁၂၊ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တို့တွင် ကြေးမုံသတင်းစာ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၂၁ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ (သတင်းစဉ်)